ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၂.၁၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ၂၀-၁၀-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲရေးညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်ပခရီးစဉ်။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၉)ဦး ဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် ခရိုင်အဆင့်မီ အားကစားကွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် ခရိုင်အဆင့်မီ အားကစားကွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။　　။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကိုယ်စားပြု ခရိုင်အဆင့်မီအားကစားကွင်း ဆောက်လုပ်ပေးနိုင်ရန် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် အဆင့်မီဒေသဂုဏ်ဆောင် အားကစားကွင်းများ မရှိသေးပါ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသကိုယ်စားပြု အဆင့်အတန်းမီ အားကစားကွင်း(၁)ကွင်း အမှန်တကယ် လိုအပ်နေပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၄-၆-၂၀၁၄ ခုနှစ်တွင် ကြယ်ပွင့်ပြ မေးခွန်းဖြင့် အားကစားဝန်ကြီးဌာနကို မေးခွန်း ပေးပို့ခဲ့ရာ ၉-၇-၂၀၁၄ ခုနှစ်တွင် အားကစားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် အလျား ပေ(၁၀၀၀)၊ အနံပေ(၅၀၀) ဧကအားဖြင့် (၁၀.၂၉)ဧက အားကစားကွင်း မြေနေရာရရှိထားပြီး ဖြစ်သဖြင့် ခရိုင်အဆင့်မီ အားကစားကွင်း တည်ဆောက်နိုင်ရန်အတွက် ရှမ်းပြည်နယ် အားကစားနှင့်ကာယ ပညာဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဘဏ္ဍာငွေ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ဒေသအခြေ အနေကြောင့် မဆောက်လုပ်ပေးနိုင်ခဲ့တဲ့ အားကစားကွင်းအား ပြန်လည်ဆောက်လုပ်ပေးနိုင်ပါရန် လိုအပ်နေပြီ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုအခါတွင် ဒေသအခြေအနေသည် တည်ငြိမ်အေးချမ်းသည့်အချိန်ကို ရောက်ရှိနေပြီဖြစ်သဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စားပြု အဆင့်အတန်းမီအားကစားကွင်း (၁)ကွင်း ဆောင်ရွက်ပေးနိုင်ရန် အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် ဒေသ

ဂုဏ်ဆောင်အားကစားကွင်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိလိုပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်း(ခေါ်)မြေငူကျွန်း၊ ပြိုင်းတောင်ကျေးရွာအုပ်စု၊ ပြိုင်းတောင်ကျေးရွာတွင် တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်း(ခေါ်)မြေငူကျွန်း၊ ပြိုင်းတောင်ကျေးရွာအုပ်စု၊ ပြိုင်းတောင်ကျေးရွာတွင် တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ပဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော့်၏ မဲဆန္ဒနယ်ဖြစ်တဲ့ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းခေါ်တဲ့ မြေငူကျွန်း၊ ပြိုင်းတောင်ကျေးရွာအုပ်စု၊ ပြိုင်းတောင်ကျေးရွာတွင် တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့တွင် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းလို့ခေါ်တဲ့ မြေငူကျွန်းရှိ ပြိုင်းတောင်ကျေးရွာဟာ အိမ်ထောင်စု(၅၀၄)စုကျော်ရှိပြီး လူဦးရေ(၂၃၃၀)ရှိပါတယ်။ မြေငူကျွန်းတွင် တည်ရှိသော ကျေးရွာများထဲမှ အကြီးဆုံးကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။ ဒီကျေးရွာရှိ လူဦးရေသုံးပုံတစ်ပုံဟာလည်း ဤပြိုင်းတောင်ကျေးရွာမှာနေထိုင်ကြပြီး လူဦးရေများပြားသော ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ မြေငူကျွန်းတွင် စိုးမဲကျီကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပြိုင်းတောင်ကျန်းမာရေးဌာနခွဲ၊ ယာတိုက်ကျန်းမာရေးဌာနခွဲနှင့် ဝါးလန်းကျန်းမာရေးဌာနခွဲဟူ၍ ကျန်းမာရေးဌာနခွဲ(၄)ခု တည်ရှိပါတယ်။

ဒီအဆိုပါ ကျေးရွာတွင် လုပ်ကိုင်ကြတဲ့ စီးပွားရေးမှာ အဓိကအားဖြင့် ရေလုပ်ငန်းကို အားထားပြီး ပင်လယ်ကမ်းစပ်တွင် တည်ရှိသော ကျေးရွာကြီးတစ်ရွာလည်း ဖြစ်ပါတယ်။ ၎င်းကျေးရွာမှာတော့ အလယ်တန်းကျောင်းခွဲ တစ်ကျောင်းရှိပြီး၊ ကျောင်းသူ ကျောင်းသားဦးရေ(၆၀၀)ကျော်ခန့် ပညာသင်ကြားနေကြပါတယ်။ လုံခြုံရေးအရလည်း ပေါက်တောမြို့မရဲစခန်းမှ တာဝန်ချထားသော

ရဲကင်းတစ်ခုလည်း ရှိပါတယ်။ ဒီကျေးရွာဟာ ကျန်းမာရေးဌာနခွဲကို အစိုးရမှ ချပေးတည်ဆောက်ပေးခဲ့သည်မှာ ယခုဆိုရင် နှစ်ပေါင်း (၄၀)ကျော်သွားပြီ ဖြစ်ပါတယ်။ အဲဒီကျွန်းတွင် အစောဆုံးချပေးသော ကျန်းမာရေးဌာနခွဲတစ်ခုလည်း ဖြစ်ပါတယ်။ ပြိုင်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံကို ၂၀၁၂ ခုနှစ်၌ ပြည်ထောင်စုအစိုးရရန်ပုံငွေမှ အဆောက်အအုံကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်လိုက်ပါက ဒေသခံပြည်သူများ ကျန်းမာရေးပြုစုစောင့်ရှောက်မှုကို ကောင်းမွန်စွာ ခံယူနိုင်မှာလည်း ဖြစ်ပါတယ်။ အဆောက်အအုံလည်း ထပ်ဆောက်စရာ မလိုတော့ဘူး။ အဆောက်အအုံက ၂၀၁၂ ခုနှစ်မှာ အပြီးဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒီကျွန်းဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်၏ မြို့တော် စစ်တွေတစ်ဖက်ကမ်းမှာရှိတဲ့ ဘင်္ဂလားပင်လယ်အော်၏ ကမ်းစပ်မှာရှိတဲ့ ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ပေါက်တောမြို့မှလည်း အလှမ်းဝေးပြီးတော့ စစ်တွေကိုသွားဖို့လည်း ရာသီဥတုဆိုးမယ်ဆိုရင် ကျွန်တော်တို့ ပင်လယ်ဖြတ်သွားရတာ အလွန်အခက်အခဲရှိပါတယ်။ ဒါကြောင့် ဒီပြိုင်းတောင်ကျန်းမာရေးဌာနခွဲကို ကျန်းမာရေးဌာနအဖြစ် ပြည်ထောင်စုအစိုးရအနေနဲ့ သတ်မှတ်ပေးသင့်တယ်လို့ ယူဆပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် H1N1 ကာကွယ်ဆေး ထိုးနှံပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် H1N1 ကာကွယ်ဆေး ထိုးနှံပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်မှာ H1N1 ရောဂါကာကွယ်ဆေး ထိုးနှံပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။ ဒီမေးခွန်းကို ကျွန်တော် လွန်ခဲ့တဲ့ နှစ်လခွဲကတည်းက ဩဂုတ်လ ၇ ရက်နေ့ကတည်းက မေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက တစ်နိုင်ငံလုံးမှာ ပြင်းထန်တဲ့ ရာသီတုပ်ကွေး H1N1 ရောဂါဖြစ်နေတဲ့အချိန် ဖြစ်ပါတယ်ခင်ဗျား။ ရောဂါကူးစက်

နေတဲ့အချိန်၊ ပျံ့နှံ့နေတဲ့အချိန်ဖြစ်ပါတယ်။ ပြည်သူလူထုကလည်း ရောဂါကူးစက်ပြန့်ပွားမှာ ကြောက်ရွံ့ပြီးတော့ အထိတ်အလန့်ဖြစ်နေတဲ့အချိန် ဖြစ်ပါတယ်ခင်ဗျား။ ပြင်းထန်တဲ့ အသက်ရှူ လမ်းကြောင်း ရောဂါ ဖြစ်ပွားနေသူများအနက် Seasonal Influenza A (H1N1) pdm 09 Virus ကြောင့် သေဆုံးတဲ့အကြောင်း ဇူလိုင်လ ၂၀ ရက်နေ့မှာ စတင်ပြီးတော့ အတည်ပြုခဲ့ပါတယ်။ အဲဒီရက်နဲ့ (၁၀)ရက်ပဲ ခြားပြီးတော့ ဇူလိုင်လ ၃၁ ရက်နေ့မှာ ကျိုင်းတုံမြို့နယ် ခုတင်(၃၀၀)တပ်မတော် ဆေးရုံကြီးမှာလည်း H1N1 ဖြစ်ပွားတဲ့လူနာ တွေ့ရှိရပါတယ်။ အမှတ်(၁၁)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်းမှာ သင်တန်းလာတက်တဲ့ နယ်ခြားစောင့်တပ်ဖွဲ့မှ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်ဟာ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ နီးစပ်တဲ့ နယ်စပ်မြို့ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှာလည်း H1N1 ရောဂါ ဖြစ်ပွားနေပါတယ်။ အဲဒါကြောင့် ပြည်သူလူထုများက တစ်ဖက်နိုင်ငံမှ ရောဂါဝင်ရောက်လာမှာကို စိုးရိမ်ထိတ်လန့် နေကြပါတယ်ခင်ဗျား။ အဲဒါကြောင့် တတ်နိုင်တဲ့လူတွေက တစ်ဖက်နိုင်ငံမယ်ဆိုင်မြို့ကို ပြေးပြီးတော့ ကာကွယ်ဆေးထိုးကြပါတယ်။ ကျွန်တော်တို့လိုပဲ တခြားနယ်စပ်မြို့ဖြစ်တဲ့ မြဝတီမှာလည်း တစ်ဖက်နိုင်ငံကို ဆေးသွားထိုးနေတယ်လို့ သိရှိရပါတယ်။ ဘတ်ငွေ(၅၀၀)ပေးရတယ်လို့ သိရှိရပါတယ်ခင်ဗျား။ ကျိုင်းတုံ မြို့မှာရှိတဲ့ ပုဂ္ဂလိကဆေးခန်းကတော့ ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့မှာရှိတဲ့ INFLUVAC Vaccine ကို မှာယူပြီးတော့ ထိုးနှံပေးပါတယ်။ ခက်ခက်ခဲခဲမှာယူရတဲ့အတွက်ကြောင့် ကျိုင်းတုံမှာ (၃၂၀၀၀)ကျပ် ကျပါတယ်။ Cold Chain နှင့် သယ်ဆောင်လာရတဲ့အတွက်ကြောင့် ဆေးအာနိသင်လည်း သိပ်စိတ်မချရပါဘူး။ ဆေးလည်း တစ်ခါတစ်ခါ ပြတ်လပ်ပါတယ်။ အလုအယက်နဲ့ ဝယ်ရပါတယ်ခင်ဗျား။ Booking နဲ့ ပေးပြီးတော့ ဝယ်ရပါတယ်။ ပြည်မဘက်ကိုတောင်မှ အဲဒီဆေးကို ပို့ပေးနေရပါတယ်လို့ သိရှိရပါတယ်။

အဲဒါကြောင့် ပြည်သူလူထုက ကျန်းမာရေးဌာနမှ လာရောက်ထိုးနှံပေးနိုင်သလားလို့ မျှော်လင့်ပြီးတော့ ကျွန်တော့်ထံ အကူအညီတောင်းလာပါတယ်။ အဲဒါကြောင့် ကျွန်တော်လည်း ပြီးခဲ့တဲ့ ပဉ္စမအကြိမ် အစည်းအဝေး ဩဂုတ်လ လဆန်းပိုင်းမှာ ဝန်ကြီးဌာနကို အဲဒီမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကာကွယ်ဆေးထိုးရန် မလိုအပ်မှန်းသိရှိပေမယ့်လည်း ရောဂါဖြစ်ချိန်မှာတော့ ဆေးရှိရင်တော့ ဆေးထိုးချင်ကြပါတယ်။ ကျွန်တော်တို့ မြို့တစ်ခုတည်းမဟုတ်ပါဘူး။ တခြားမြို့ကြီးမှာလည်း ကာကွယ်ဆေးထိုးနှံနေတာကို တွေ့ရှိရပါတယ်။ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် (လင်းရောင်ခြည်) ဆေးခန်းမှာ INFLUVAC Vaccine ကို ၁၈-၈-၂၀၁၇ ကစပြီးတော့ ထိုးနှံပေးနေတဲ့ အကြောင်း ဈေးနှုန်းက တစ်လုံးကို (၃၅၀၀၀)ကျပ် ကျနေတဲ့အကြောင်း တွေ့ရှိရပါတယ်။ နေပြည်တော် မှာလည်း Adora Myanmar Health Care Services က INFLUVAC Vaccine ကို ၂၁-၈-၂၀၁၇ စတင်ပြီးတော့ ဇမ္ဗူသီရိမှာရှိတဲ့ ကောင်းသစ်ဆေးရုံကနေပြီးတော့ ထိုးနှံနေတဲ့အကြောင်း ဆေးနှုန်းက Strain (၄)မျိုး ပါတဲ့အတွက်ကြောင့် One dose ကို (၅၈၀၀၀)ကျပ် ပေးနေရတဲ့အကြောင်း ကြော်ငြာထားတာ တွေ့ရှိရပါတယ်။

အဲဒါကြောင့် ရောဂါဖြစ်နေတဲ့ကာလတုန်းကတော့ လူထုကတော့ ကာကွယ်ဆေး လိုလိုချင်ချင် ထိုးချင်ကြပါတယ်။ ဝန်ကြီးဌာနကနေပြီးတော့ ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင်တော့ ဈေးနှုန်း ပိုပြီးတော့

သက်သာပြီးတော့ ပိုကောင်းမွန်မယ်လို့ ယူဆပါတယ်ခင်ဗျား။ လူနာများကို ကိုင်တွယ်တဲ့ ကျန်းမာရေး ဝန်ထမ်းကိုတော့ ဌာနမှကာကွယ်ဆေးထိုးပေးတယ်လို့ သိရှိရပါတယ်။ ဩဂုတ်လ နောက်ဆုံးပတ်မှာတော့ ကူးစက်ရောဂါ မဖြစ်တော့ပါဘူး။ အခုလည်း မကြားရတော့ပါဘူးခင်ဗျား။ ယခုနှစ်တော့ ဆေးထိုးဖို့ မလိုတော့ပါဘူးခင်ဗျား။ နောက်နှစ်မှာသာ အလားတူ ကူးစက်ရောဂါဖြစ်ခဲ့ပါက ရောဂါကာကွယ် ထိန်းချုပ်မယ့် အစီအစဉ်များကိုသာ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံစေကြောင်း ကျွန်တော့်အနေနဲ့ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် ခရိုင်အဆင့်မီ အားကစားကွင်း ဆောက်လုပ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ အစီအစဉ် ရှိ/မရှိကို ဖြေကြားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ခရိုင်အဆင့် အားကစားကွင်း ဆောက်လုပ်ရေးနှင့် ပတ်သက်ပြီးတော့ လောက်ကိုင်ခရိုင်တွင် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကျပ်ငွေသန်း(၂၁၁.၂၃၅)အား ခွင့်ပြုရန်ပုံငွေ ရရှိခဲ့သော်လည်း နယ်မြေဒေသ ငြိမ်းချမ်းခြင်းမရှိသည့်အတွက် ရှမ်းပြည်နယ်အစိုးရမှ အတည်ပြု ဆုံးဖြတ်ချက်ဖြင့် လောက်ကိုင်မြို့နယ်၊ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းအစား ရပ်စောက်မြို့နယ်၊ မိုးလုံလေလုံအားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ လောက်ကိုင်မြို့နယ် အားကစားကွင်းသည် ၂၀-၃-၂၀၁၁ မှ ၁၉-၃-၂၀၄၁ အထိ နှစ်(၃၀)သက်တမ်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အမည်ပေါက် မြေငှားဂရန် ရရှိပြီးဖြစ်သော်လည်း ၂၀၁၂ခုနှစ်၊ ဩဂုတ်လတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် ကိုးကန့်ဒေသဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုအဖြစ် သတ်မှတ်ရရှိသည့် အထိမ်းအမှတ်အား ဂုဏ်ပြုသည့် အနေဖြင့် အထိမ်းအမှတ်ကျောက်တိုင်ငယ်နှင့် ဒေသခံပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ အပန်းဖြေ အနားယူရေးနှင့် မြို့လှပရေးအတွက် ပန်းခြံအဖြစ် တည်ဆောက်ခဲ့ပါတယ်။ အားကစားကွင်းကနေ ပန်းခြံ ဖြစ်သွားပါတယ်။

အဆိုပါ အထိမ်းအမှတ်ကျောက်တိုင်ငယ်နှင့် ပန်းခြံအဖြစ် တည်ဆောက်ခဲ့သည့် အားကစားကွင်း မြေနေရာအစား မူလကွင်းနှင့် (၁)မိုင်ခန့်သာဝေးပြီး လက်ရှိလောက်ကိုင်မြို့နယ်တွင် ပါဝင်သော ဂေါက်ကွင်း၊ (Golf Course) အဟောင်း (၈၄.၉၂)ဧကတွင် အားကစားကွင်း ဖော်ထုတ်ရန်၊ အားကစားရုံ တည်ဆောက်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အစားထိုး ပြန်လည်ပေးအပ်ရန် လျာထားပြီး ဖြစ်ပါတယ်။ ဂေါက်ကွင်းဟောင်းမြေ (၈၄.၉၂)ဧကမှ ယခု လိုအပ်မည့် အလျားပေ(၁၀၀၀)၊ အနံပေ (၅၀၀)ဧကအားဖြင့် (၁၀.၂၉)ဧကကို ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အမည်ပေါက် မြေဂရန် ရရှိရန် လျှောက်ထားလျက်ရှိပါတယ်။

သို့ဖြစ်၍ အစားထိုး ပြန်လည်ပေးအပ်မည့် မြေနေရာအား ရှမ်းပြည်နယ် အားကစားနှင့် ကာယ ပညာဦးစီးဌာန၊ အမည်ပေါက်မြေဂရန် ရရှိမည်ဆိုပါက ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ကရာတေး၊ တိုက်ကွမ်ဒို စသည့် အားကစားနည်းများ ကျင်းပနိုင်မည့် အလျားပေ(၃၀၀)၊ အနံပေ(၁၀၀၀)ရှိ အဆင့်မီ မိုးလုံလေလုံ အားကစားကွင်း(၁)ရုံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် ငွေကျပ်သန်း(၄၀၀)နှင့် လက်ထောက် ညွှန်ကြားရေးမှူးနေအိမ် တည်ဆောက်ခြင်း လုပ်ငန်းအတွက် ကျပ်(၃၀)သန်းတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်မှာ ကျွန်တော်တို့ တင်ပြတောင်းခံပေးပါမယ်။ ခွင့်ပြုချက် ရရှိမည်ဆိုပါက ဆောင်ရွက်ပေးပါမည် ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက် ဖရုံကာကျွန်း(ခေါ်)မြေငူကျွန်း၊ ပြိုင်းတောင်ကျေးရွာအုပ်စုရှိ ပြိုင်းတောင်ကျေးရွာတွင် တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် စီစဉ်ပေးခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်တွင် တိုက်နယ်ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက် ကျန်းမာရေးဌာန(၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၆)ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခုနဲ့ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်တဲ့အခါ မှာလည်း လက်ထောက်ကျန်းမာရေးမှူး(၆)ဦး၊ မြို့နယ် သူနာပြုအဆင့်(၁)(၁)ဦး၊ ကျန်းမာရေးမှူး(၃) ကြီးကြပ်(၁)ဦး၊ သူနာပြု(၃) ကျန်းမာရေးဆရာမ(၄)ဦး၊ သားဖွားဆရာမ (၃၅)ဦး၊ ကျန်းမာရေးမှူး ကြီးကြပ်(၂)(၄၂)ဦးတို့ဖြင့် စုစုပေါင်း လူဦးရေ(၂)သိန်းခန့်အား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီပေါက်တောမြို့နယ်၊ ပြိုင်းတောင်ကျေးလက်ကျန်းမာရေးဌာနခွဲသည် ဆင်တက်မော် ကျေးလက်ကျန်းမာရေးဌာနအောက်တွင် တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖြစ်ပါတယ်။ ဆင်တက်မော် ကျေးလက်ကျန်းမာရေးဌာနတွင် ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါမှာ ယာတိုက်၊ ချီဝေ၊ ဝါးလန်း၊ ပြိုင်းတောင်၊ စိုးမဲကျီ ကျေးလက်ကျန်းမာရေးဌာနခွဲများ ရှိပါတယ်။ (၅)ခု ရှိပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ ပြိုင်းတောင်ကို ကျေးလက်ကျန်းမာရေး ဌာနခွဲက နေပြီးတော့ ကျေးလက်ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်တိုးမြှင့်ရန် သင့်/မသင့် ဆိုတာကို ကျွန်တော် Criteria (၅)ခုနဲ့ ကြည့်ပါတယ်။ ပထမ Criteria ကတော့ ကျေးလက်ဌာနသစ်ဖြစ်မည့် ကျေးရွာသည် လုံခြုံမှု ရှိ/မရှိ။ လုံခြုံမှုရှိပါတယ်။ ဖွင့်မည့်ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက် ကျန်းမာရေးဌာန အဖြစ် တိုးမြှင့်မယ့်ကျေးရွာသည် အနည်းဆုံး ကျေးရွာအုပ်စု (၁၀)အုပ်စုမှ (၁၅)အုပ်စုအထိ သွားလာ နိုင်သောနေရာ ဖြစ်ရမယ်။ ကျွန်တော်တို့ ကြည့်ကြည့်တဲ့အခါမှာ ရွာပေါင်း(၅)ရွာပဲ ရှိတဲ့အတွက် Criteria နဲ့ မညီပါဘူး။ သာမန်အားဖြင့် လူဦးရေ(၁၀၀၀၀)မှ (၁၅၀၀၀)အတွင်း ရှိရမယ်။ သို့သော် လူဦးရေဟာ (၈၀၀၀)ပဲ ရှိတဲ့အတွက် Criteria နဲ့ မညီပါဘူး။

အနီးအနားကျေးရွာများမှ ယင်းကျေးရွာများသို့ သွားလာမှုလွယ်ကူ၍ ဗဟိုအချက်အချာကျပြီး တိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံများသို့ လူနာများသယ်ပို့ရာတွင် လွယ်ကူတဲ့နေရာ ဖြစ်ရမယ်။ မြေပြင်အနေအထားအရ အခြားကျေးရွာများနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်။ အဲဒါ မရှိပါဘူး။ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားပြီးတော့ ရွာရှိရမယ် ဖြစ်ခြင်း။ ဒါကတော့ ရှိပါတယ်။ ဒီ ပြိုင်းတောင်ကတော့ မရှိပါဘူး။ သို့သော် ကျွန်တော်တို့ဒီမှာ အဲဒီအနီးအနားမှာရှိတဲ့ ယာတိုက်ကျေးလက်ကျန်းမာရေးဌာနခွဲကိုတော့ ဖွင့်မယ်ဆိုလို့ရှိရင် ကျွန်တော်က ဒီအချက်(၅)ချက် စလုံးနှင့် သွားညီတာတွေ့ရပါတယ်။ ယာတိုက်က။

အဲဒီတော့ ပြိုင်းတောင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ယာတိုက်ကျေးလက်ကျန်းမာရေး ဌာနခွဲတို့ ကျွန်တော် ခုနက နှိုင်းယှဉ်ပြီး တင်ပြပါတယ်။ တင်ပြတဲ့အခါမှာ ယာတိုက်ကျေးလက် ကျန်းမာရေးဌာနခွဲသည် ကျေးလက်ကျန်းမာရေးဌာန တိုးမြှင့်ဖွင့်လှစ်ရန်အတွက် အခြေခံမူ(၅)ချက်စလုံးနဲ့ ကိုက်ညီမှုရှိပါတယ်။ ပထဝီအနေအထားအရလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အချက်အချာ ကျခြင်း၊ လူဦးရေနှင့် ကျေးရွာများတည်ရှိပုံ၊ သိပ်သည်းမှု တည်ရှိခြင်းတို့ကြောင့် လူဦးရေလွှမ်းခြုံမှု ပိုမို ကောင်းပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးသင့်ကြောင်းကိုလည်း ကျွန်တော်တို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးကလည်း တင်ပြထားပါတယ်။ အခု ထိုကဲ့သို့ ယာတိုက် ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျွန်တော့်အနေနဲ့ ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့် လိုက်ရင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးတောင်းတဲ့ ပြိုင်းတောင် ကျေးလက် ကျန်းမာရေးဌာနခွဲကိုလည်း စောင့်ရှောက်မှုကိုလည်း ဒီကျေးလက်ကျန်းမာရေးဌာနကနေပြီးတော့ လွှမ်းခြုံမှု ပေးနိုင်ပါတယ်။ အဲဒါကြောင့် ပြိုင်းတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့် ဖွင့်လှစ်ခြင်းကို လတ်တလောတော့ ကျွန်တော် မပေးပါဘူး။ သို့သော်လည်း ဒီ ပြိုင်းတောင်နှင့် နီးတဲ့ ယာတိုက်မှာတော့ ကျွန်တော်တို့ ပေးပါမယ်။

သို့ဖြစ်ပါ၍ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားသော ယာတိုက် ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ခွင့် ရရှိရေး အတွက် ၂၄-၇-၂၀၁၇ ရက်စွဲပါ စာအမှတ်ဖြင့် ၁၁၉၈ (ဃ) ၂၀၁၇၊ (၂၆၆၇)၁၂၄၀၆ ဖြင့် ရခိုင် ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ သဘောထားတောင်းခံခဲ့ရာ ပြန်ကြားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုဆက်လက်လုပ်မှာကတော့ ဒီကိစ္စကို ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွံ့စည်းပုံ စိစစ်ရေးအဖွဲ့သို့လည်းကောင်း၊

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေ ငွေစာရင်းဌာနများသို့လည်းကောင်း ပေးပို့၍ ကျွန်တော် သဘောထားမှတ်ချက် တောင်းပါမယ်။ သဘောထားမှတ်ချက် တောင်းလို့ ထောက်ခံမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံး တင်ပြပြီးတော့ ခွင့်ပြုချက်ရလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ Cabinet အစည်းအဝေးမှာ တင်ပြပြီးတော့ အတည်ပြုချက်ရမယ်ဆိုရင် ကျွန်တော်တို့ လုပ်ပေးပါမယ်ဖြစ်ကြောင်း ကျွန်တော် လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ရှမ်းပြည်နယ် အမှတ်(၆)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ၏ မေးခွန်းဖြစ်တဲ့ ဒီ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် H1N1 ကာကွယ်ဆေး ထိုးနှံရေး အစီအစဉ် ရှိ/မရှိကို ကျွန်တော် ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ ဒီ ကာကွယ်ဆေး ထိုးခြင်းကတော့ H1N1 က တစ်ကမ္ဘာလုံးမှာ သူက အမြဲတမ်းဖြစ်နေတဲ့ ရာသီတုပ်ကွေးတစ်ခုပဲ ဖြစ်ပါတယ်။ အချို့ကိစ္စအခြေအနေ၊ အချို့နိုင်ငံများမှာဆိုရင် ကပ်ရောဂါအသွင်နဲ့ ဖြစ်တယ်။ ဖြစ်တယ်ဆိုတာလည်း ဖြစ်ခြင်း၊ များခြင်း၊ နည်းခြင်းသည် ပြည်သူများရဲ့ ကျန်းမာရေးအသိဉာဏ် ကြွယ်ဝမှု (Health Literacy Level) နောက်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆောင်ရွက်မှု ပီပြင်မှု ရှိ/မရှိပေါ်မှာ မူတည်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ မီဒီယာတို့အနေနဲ့ ထိန်းချုပ်ပုံ၊ ထိန်းချုပ်နည်းနှင့် ပတ်သက်ပြီး ကျွန်တော်ဒီနေရာမှာ တစ်ခုပဲ တင်ပြချင်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများကိုလည်း ကျွန်တော်တို့ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာမှာ ဩဂုတ် ၁၃ ရက်နေ့က တစ်ကြိမ်၊ စက်တင်ဘာ ၁၃ က တစ်ကြိမ်၊ ဒီလိုအပြည့်(၂)ရွက်ပါတာကြီး ကျွန်တော်တို့ ပြောထားပါတယ်။ ဒါကြီးကိုတော့ ကျွန်တော့်အနေနဲ့ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများကို ဖတ်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဟာသည် ဒီ H1N1 ရောဂါ တစ်ခုတည်းကို မဟုတ်ပါဘူး။ ကူးစက်တဲ့ ရောဂါအကုန်လုံးမှာ ကျွန်တော်တို့က ဘယ်လိုသုံးသပ်တယ်၊ ဘယ်လိုလုပ်တယ်။ ဒါကို ဖတ်ကြည့်လိုက်မယ်ဆိုရင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ Role အနေနဲ့ပေါ့။ ဘာတွေပါဝင်ဆောင်ရွက်လို့ရသလဲ။ ပြည်သူများကပါ အကုန်လုံးအသေးစိတ်ပါတယ်။ ဒါမျိုးကို ကျွန်တော်တို့ သိသလောက်တော့ ကျွန်တော်တို့ဝန်ကြီးဌာနက တစ်ခါမှ မထုတ်ဖူးပါဘူး။ ကျွန်တော်တို့ ရောက်တဲ့အခါမှာ အသေးစိတ်ထုတ်ပါတယ်။ သာမန်လူ နားလည်အောင်လည်း ရေးထားပါတယ်။ ဒါမျိုးက ဩဂုတ် ၁၃ ရက်နေ့၊ ကြေးမုံ၊ မြန်မာ့အလင်း၊ စက်တင်ဘာ ၁၃ ရက်နေ့ ကြေးမုံ၊ မြန်မာ့အလင်းမှာ ပါပါတယ်။ အဲဒီဟာကို ကျွန်တော်တို့ကတော့ ဖတ်စေချင်ပါတယ်။ ဖတ်စေချင်တယ်ဆိုတာ ကျွန်တော်တို့ကိုလည်း ဒါကိုဖတ်ပြီး အကြံဉာဏ်တွေ အများကြီးပေးလို့ ရပါတယ်။ ဒါက ကျွန်တော် Request လုပ်တာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ကတော့ ဒီ H1N1 နဲ့ပတ်သက်လို့ ဒီနေရာမှာ တစ်ခါတည်းပြောချင်တာကတော့ ဒီ ထိန်းချုပ်မှုလုပ်ငန်းဟာ ဒီဆောင်ရွက်ပေးတဲ့ ကျွန်တော်တို့ ပြည်သူများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ရော၊ ပြည်သူ့လွှတ်တော်က ကိုယ်စားလှယ်ကြီးများကိုလည်းကောင်း၊ မီဒီယာတွေ

လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့ကြီးကိုလည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းများက ကျွန်တော်တို့ကို ငွေလည်းလှူပါတယ်။ Vaccine တွေလည်း တရုတ်၊ အိန္ဒိယ အများကြီးလှူတယ်။ Medicine လည်း လှူပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်များကလည်း လှူပါတယ်။ နောက် CB ဘဏ်တို့၊ ကမ္ဘောဇဘဏ်တို့ကလည်း အများကြီးလှူပါတယ်။ ဒါကိုလည်း ကျွန်တော် ဒီနေရာမှာ တင်ပြပြီးတော့ Record လုပ်စေချင်ပါတယ်။ ကျွန်တော်တို့ကို အများကြီး ကူတယ်ဆိုတာ။

အခု ဒီ ကျိုင်းတုံမှာ ဆေးထိုးတဲ့ ကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြချင်တာကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးကို တင်ပြချင်တာကတော့ ထိုးပြီးလို့ရှိရင် အနည်းဆုံးက သူက နှစ်ပတ်ကြာမှ Immunity Level ပေါ့။ ခုခံအားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ကြည့်မယ်ဆိုလို့ရှိရင် ချမ်းသာတဲ့နိုင်ငံတွေမှာတောင် အမြဲမထိုးပါဘူး။ ဒီ H1N1 ကို Control လုပ်ဖို့ဆိုတာကတော့ ပြည်သူ့ဘက်ကနေလုပ်မှာ Health Literacy Level ထိုးခြင်းသည် ဒီလောက် အဓိက မဟုတ်ပါဘူး။ ကမ္ဘာမှာလည်း ဒီ H1N1 က တစ်နှစ်နဲ့တစ်နှစ် မတူပါဘူး။ ပြောင်းသွားပါတယ်။ အဲဒါကြောင့် ထိုးတာကို ကျွန်တော် အဓိကမထားပါဘူး။ ဒီ ပြည်သူများရဲ့ ပါဝင်ဆောင်ရွက်မှု၊ နားလည်မှု၊ အဲဒါတွေနဲ့ လုပ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျိုင်းတုံမှာ ကျွန်တော်တို့က မေးစရာရှိပါတယ်။ ဘာဖြစ်လို့ မထိုးသလဲ။ ကျိုင်းတုံမှာ ဘာဖြစ်လို့ မထိုးသလဲဆိုတာ ဒီ H1N1 က ကူးစက်မယ်ဆိုလို့ရှိရင် Population Density ဖြစ်တဲ့နေရာမှာ ပိုပြီး အကူးမြန်တဲ့အတွက် ရန်ကုန်လိုဟာမျိုး၊ ဧရာဝတီတိုင်းလို ဟာမျိုးမှာ ထိုးရင် အကျိုးရှိပါတယ်။

ကျိုင်းတုံကိုကြည့်တဲ့အခါမှာ ဥပမာဆိုရင် ကျိုင်းတုံရဲ့ Population Density က ဒီဇင်ဘာ ၂၀၁၆ ခုနှစ်ရဲ့ စာရင်းဇယားအရဆိုရင် (1) Square ကီလိုမီတာမှာဆိုလို့ရှိရင် (၅၅)ဦးပဲ နေပါတယ်။ ကျိုင်းတုံမှာ။ ဥပမာ ရန်ကုန်မှာဆိုလို့ရှိရင် (1) Square ကီလိုမီတာမှာ လူဦးရေပေါင်း (၆၂၄၅)ဦး ရှိပါတယ်။ ဆိုလိုတာက ကျိုင်းတုံလိုနေရာမျိုးမှာဆိုရင် တစ်နေရာနှင့်တစ်နေရာကို အဲဒီလို Population Density နည်းတဲ့အတွက် ကူးဖို့ Chance က နည်းပါတယ်။ အဲဒီဟာကြောင့် ကျွန်တော်တို့က ကျိုင်းတုံကို ချက်ချင်းမထိုးခြင်း ဖြစ်ပါတယ်။ ကျိုင်းတုံမှာလည်း ကျွန်တော်သိတဲ့နေရာဆိုရင် အကုန်လုံး ပြည်သူတွေက ကာကွယ်မှုတွေ အကုန်လုံး ကြိုတင်လုပ်တာကို တွေ့ရတဲ့အတွက် ကျွန်တော် ဝမ်းလည်းသာပါတယ်။ နောက်တစ်နှစ်က ဒါကို ကျိုင်းတုံမှာ ထိုးမလား၊ ဘယ်နေရာမှာ ထိုးမလဲ။ တစ်ပြည်လုံး အတိုင်းအတာနဲ့ ထိုးမလား။ ဘယ်လောက်အဆင့်အထိ ထိုးမလဲဆိုတာကို ကျွန်တော်တို့မှာ National Immunization Technical Advisory Group (NITAG) ဆိုတာ ရှိပါတယ်။ ကျွန်တော်တို့ ဒီ NITAG မှာ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တဲ့အခါမှာ ရောဂါအဖြစ်များပြီး ကူးစက်ရောဂါခံရနိုင်ခြေရှိတဲ့ မြို့နယ်တွေမှာပဲ ကျွန်တော်တို့ ထိုးပါတယ်။ ထိုးတဲ့အခါမှာလည်း ကျွန်တော်တို့ Pregnant ပေါ့လေ။ ကိုယ်ဝန်ဆောင် မိခင်နှင့် (၁)နှစ်နဲ့ (၃)နှစ်ကလေးတွေကိုလည်း ထိုးပါတယ်။ နောက် Camps ရှိလို့ရှိရင် Camps မှာ ထိုးပေးပါတယ်။ နောက်ကျန်းမာရေးဝန်ထမ်း High Risk ပေါ့။ နောက်ဆေးရုံမှာလည်း ဝန်ထမ်းတွေ ဖြစ်ဖြစ် ထိုးပါတယ်။

ထို့အပြင် ရန်ကုန်တို့၊ မန္တလေးတို့ ဆေးကျောင်းတွေမှာ တက်တဲ့ ကျောင်းသားတွေဟာ ဆေးရုံတွေသွားတဲ့အတွက် သူတို့ကို ထိုးပေးပါတယ်။ အဲဒီတော့ ကျွန်တော်တို့က မလိုရင် ကျွန်တော်တို့က

မထိုးပါဘူး။ သို့သော်လည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးတဲ့ ကျွန်တော်တို့ ပြန်လေ့လာတဲ့အခါမှာ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းတုံ၊ မိုင်းဆတ်များမှာ ပြင်းထန်အဆုတ်ရောင်ရောဂါနဲ့ ကုသသူ (၁၄)ဦးရှိပါတယ်။ အားလုံး စုစုပေါင်း၊ ဒီဇူလိုင် ၂၁ ကနေပြီးတော့ အခုအချိန်အထိ။ ရှိတဲ့အခါမှာ အားလုံး အဲဒီ (၁၄)ဦးကို ကျွန်တော်တို့ စစ်တဲ့အခါမှာ H1N1 ပိုးတွေ့တဲ့ လူနာဟာ ကျိုင်းတုံမြို့နယ်မှာ (၂)ဦး၊ မိုင်းယောင်းမြို့နယ်မှာ(၁)ဦး ရှိပါတယ်။ တာချီလိတ်မြို့နယ်ကတော့ H3N2 ဖြစ်ပါတယ်။ သိပ်ပြီးစိုးရိမ်စရာမလိုပါဘူး။ H1N1 သည် H3N2 ထက်ပိုပြီးတော့ ဆိုးပါတယ်။ နောက်ပြီး သေဆုံးသူလည်း မရှိပါဘူး။ ဖြစ်တဲ့လူတွေကလည်း အားလုံးကောင်းပြီးတော့ ဆေးရုံက ဆင်းသွားတာတွေ့တဲ့အတွက် ကျွန်တော် ချက်ချင်း မထိုးပါဘူး။

သို့သော်လည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ထိုးမယ်ဆိုရင် ကျွန်တော်တို့မှာ ရှိပါတယ်။ ကျွန်တော်တို့ထိုးခွင့်ပေးမှာပါ။ လှူဒါန်းမှုမှ ရရှိသော ခွဲတမ်းများအရ ကျွန်တော်တစ်နှစ်နှင့် သုံးနှစ် ကိုယ်ဝန်ဆောင်တွေကို ထိုးမယ်။ အိန္ဒိယနိုင်ငံက လှူဒါန်းတဲ့ ဆေးတွေက Vaxigrip 2000 doses၊ လူ (၂၀၀၀)စာ ထိုးဖို့ ရှိပါတယ်။ အဲဒီဟာကို ပေးထားပါတယ်။ နောက်တစ်ခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူတဲ့ Shipulier doses က (၂၅၀၀) ကျော် စုစုပေါင်း (၄၅၀၀) လောက် ကျွန်တော်တို့ ရှိပါတယ်။ အဲဒီ(၄၅၀၀)ကို ရှမ်းပြည်နယ် ဦးစီးဌာနမှူးရဲ့ ကြီးကြပ်မှုနှင့် ဒီ အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းမှာ ကျွန်တော်တို့ ထိုးပေးမည် ဖြစ်ကြောင်း လေးစားစွာဖြေကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အာကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း တင်သွင်းတဲ့ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေး ဂိတ်များရှိသော ငါးတင်/ ငါးချ

ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများကို စစ်ဆေးရေးဂိတ် များတွင် ငါးတင်/ငါးချဆိပ်ကမ်းများပေါ်၌ တင်ဆောင်ပြီး စစ်ဆေးသတ်မှတ်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်မှ ဗီယက်နမ်နိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းဟာ (၃၄၄၄)ကီလိုမီတာ ရှည်ပြီး၊ မြန်မာ့ကမ်းရိုးတန်းဟာ (၂၈၃၂)ကီလိုမီတာ ရှိတဲ့အတွက် ဗီယက်နမ်ပြီးလျှင် ဒုတိယအရှည်ဆုံး ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ ရေထွက်ပို့ကုန် တန်ဖိုးကို လေ့လာကြည့်မယ်ဆိုရင် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ပြည်ပပို့ကုန်မှ ရရှိတဲ့ ဝင်ငွေမှာ အမေရိကန် ဒေါ်လာ သန်း(၇၅၀၀) ရှိပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ ရေထွက်ပစ္စည်းပြည်ပပို့ကုန်မှ ရရှိတဲ့ ဝင်ငွေမှာ အမေရိကန် ဒေါ်လာသန်း(၇၁၀၀)ရှိပြီး မြန်မာနိုင်ငံရဲ့ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မှာ အမေရိကန် ဒေါ်လာ(၆၀၅.၈၂)သန်းသာရှိ၍ (၁၀)ဆခန့် နည်းပါးတယ်လို့ သိရှိရပါတယ်။ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ် နိုင်ငံများတွင် ပြည်ပသို့ ပို့ကုန် မြင့်မားနေခြင်းမှာ ပင်လယ်ပြင် ဖမ်းဆီးရေးထက် မွေးမြူရေးကို ပိုမို အလေးထား ဆောင်ရွက်နေကြကြောင်း သိရှိရပါတယ်။ မွေးမြူရေးအတွက် သုတေသနများ ဆောင်ရွက်ပြီး ငါးသားပေါက်စခန်းများ မြောက်မြားစွာရှိကြောင်း သိရှိရပါတယ်။ ကျွန်တော့်အနေဖြင့် မြိတ်ဒေသကို အခြေခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကမ်းဝေးတွင် ငါးဖမ်းရေယာဉ်အများစုဟာ မြန်မာနိုင်ငံသား အမည်ခံပြီး အများအားဖြင့် နိုင်ငံခြားသားပိုင်များ ဖြစ်ပါတယ်။ ကမ်းဝေးငါးဖမ်းလှေများတွင် ရေလုပ်သားများမှာ လုပ်ခလစာ အပြင် ဖမ်းဆီးရမိသော ငါးများဟာ လျာထားချက်ထက် ပိုမိုဖမ်းမိပါက ပိုစင်ဟူသော သီးသန့် ဘောက်ဆူးအဖြစ် ထပ်မံခံစားရတဲ့အတွက် ငါးဖမ်းရာ၌ စည်းကမ်းဟူ၍ နားမလည်ဘဲ ငါးပိုမိုဖမ်းဆီးရေး

ကိုသာ အာရုံစိုက်နေပြီး ဖမ်းမြဲအတိုင်း ဖမ်းနေကြပါတယ်။ ယင်းကဲ့သို့ ငါးဖမ်းလှေများ ကမ်းနီးသို့ အကန့်သတ်မဲ့ စည်းကမ်းမဲ့ ဖမ်းဆီးနေခြင်းကြောင့် အချိန်ကြာလာတာနှင့်အမျှ ငါးသယံဇာတများ ပိုမို ရှားပါးလာနေပြီ ဖြစ်ပါတယ်။ ယင်းအကျိုးဆက်ကို အဓိကခံစားနေရတာကတော့ အမှန်တကယ် ရေလုပ်ငန်းဖြင့် အသက်မွေးနေကြတဲ့ ကျွန်းစုအများအပြားရှိ ပင်လယ်ရွာမှ ဒေသခံများ ဖြစ်ပါတယ်။

ကမ်းဝေးငါးဖမ်းလှေများရဲ့ တစ်နှစ်ဖမ်းဆီးမှုကုန်ချိန်ကို ကန့်သတ်သင့်ပြီး လျာထားချက် ထက် ပိုမိုပြည့်မီပါက ငါးဖမ်းခွင့်ကို ရပ်နားသင့်ကြောင်း တင်ပြလိုပါတယ်။ Myanmar Fisheries International Joint Venture Ltd.(MFIJV) အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး စီမံကိန်း မြိတ်မြို့ သည် ၂၈-၉-၂၀၀၀ ရက်စွဲပါ ခွင့်ပြုချက် ၃၄၈/၂၀၀၀ ဖြင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ခွင့်ပြုခဲ့ပါတယ်။ အစိုးရသစ်လက်ထက်တွင် MFIJV မှ အမေရိကန်ဒေါ်လာသန်း(၂၀) ရင်းနှီးမြှုပ်နှံရန် တင်ထားသော်လည်း (၁၇)လကြာတိုင် ယနေ့အချိန်အထိ ကြန့်ကြာနေသေးကြောင်း စိတ်မကောင်းစွာ သိရှိရပါတယ်။ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး မြိတ်မြို့အား ဥပဒေအတိုင်း အကောင်အထည်ဖော် ပေးဖို့နှင့် အပြည်ပြည်ဆိုင်ရာငါးလေလံဈေး ဆိပ်ကမ်း၌ ငါးတင်/ငါးချ ပြုလုပ်ပြီး စစ်ဆေးပြီးမှသာ နိုင်ငံခြားသို့ တင်ပို့ရောင်းချမည်ဆိုပါက နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အတိအကျရရှိ မှာဖြစ်ပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ငါးအတင်/အချ ဆိပ်ကမ်းပေါ်တွင် မတင်မစစ်ဆေးသည့်အတွက် နောင်တွင် ကံ့ကော့ရုံ(ခ)ကျွဲရင်နှင့် ကျောက်ငါးလို ငါးကြီးငါးကောင်းတွေဟာ အကောင်အသေးကအစ ဖမ်းဆီးပြီး ပြည်ပသို့ ပို့ဆောင်နေတဲ့အတွက် မကြာမီ ငါးမျိုးသုဉ်းမှုများနှင့် ရင်ဆိုင်ရကြတော့မှာ ဖြစ်ပါတယ်။

VMS (Vessel Monitoring System) ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာ ကို မနေ့က ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ VMS စနစ်ကိုတော့ အမြန်ဆုံး အကောင်အထည်ဖော်သင့်ကြောင်း တင်ပြလိုပါတယ်။ ငါးနှင့် သယံဇာတကို စစ်ဆေးရေးအတွက် ဆိပ်ကမ်းပေါ်မှာ ငါးတင်/ငါးချစိစစ်ပြီး ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါး သယ်လှေဖြင့် သယ်ဆောင်ရန် စစ်ဆေး၍ ဆိပ်ကမ်းပေါ်သို့ ငါးလေလံဈေးတွင် အခြေခံလိုအပ်မည် ဖြစ်သည့် လျှပ်စစ်မီး၊ အအေးခန်း၊ ခေတ်မီငါးသယ် စက်ယန္တရားများ၊ ကျွမ်းကျင်လုပ်သားများ ရှိရန် လည်း လိုအပ်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေထွက်ပစ္စည်းပြည်ပပို့ကုန် တင်ပို့မှုတွင် Check Point စစ်ဆေးရာမှာ One Stop Service (OSS) အနေဖြင့် စစ်ဆေးခြင်းကို ဆိပ်ကမ်းပေါ်၌ မပြုလုပ်ရဘဲ ငါးသယ်လှေပေါ်၌သာ ပြုလုပ်ရသဖြင့် လှေရှင်မှပေးသော စာရင်းနှင့် လှေ၌ပါသော ငါးကုန်ချိန်ခန့်မှန်းခြင်းဖြင့်သာ အခွန် ကောက်နိုင်သဖြင့် နိုင်ငံတော်အတွက် အခွန်အခများ များစွာနစ်နာလှပါတယ်။ ဆိပ်ကမ်းပေါ် မတင်/မချ မစစ်ဆေးဘဲ လုပ်ငန်းရှင်ကပေးသည့် စာရွက်ပေါ်တွင်သာ တာဝန်ရှိသူများက လက်မှတ် ရေးထိုးပေးနေသည့်အတွက် ရေထွက်ကုန်ပေါ်မှ မည်သို့မျှ မှန်ကန်သည့်အခွန်မရနိုင်ပါ။ တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်မြို့ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖက်စပ်တည်ထောင်ထားသည့် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး ဆိပ်ကမ်း၌ ငါးတင်/ငါးချပြုလုပ်ပြီး စစ်ဆေးပြီးမှသာ နိုင်ငံခြားသို့ တင်ပေးမည်ဆိုပါက နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများကို အတိအကျရရှိနိုင်မှာဖြစ်ပြီး နိုင်ငံသားများအတွက်

အလုပ်အကိုင် အခွင့်အလမ်းနှင့် ပိုမိုတိုးတက်လာမှာ ဖြစ်တဲ့အတွက် ဦးခင်မျိုးဝင်း တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ မြန်မာ့ပင်လယ်မှ ဖမ်းဆီးရရှိသော ငါးများကို ဆိပ်ကမ်းပေါ်တွင် တင်ဆောင်စစ်ဆေးပြီးမှသာ ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါးသယ်လှေကြီးများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြု ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

ရေထွက်ပစ္စည်းတင်ပို့မှုအား ဆိပ်ကမ်းပေါ်မတင်ဘဲ လှေပေါ်၌သာ စာရွက်ကြည့်၍ စစ်ဆေးနေသည့် မြင်ကွင်းပုံ (၉)





အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး စီမံကိန်း မြိတ်မြို့ မြင်ကွင်းပုံ (၉-၁)



အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး မြိတ်မြို့ မြင်ကွင်းပုံ (၄-၂)





**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဦးစောယှားဖောင်အွာ ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ကော်မတီအဖွဲ့ဝင် စောယှားဖောင်အွာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ မြန်မာ့ကမ်းနီး၊ ကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို ဆိပ်ကမ်းပေါ်တင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှ စက်ရုံ သို့မဟုတ် ပြည်ပသို့ ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားကြောင်း အဆိုဖြစ်ပါတယ်။

အဆိုရှင်က ငါးလုပ်ငန်းနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်၊ ငါးနှင့် ရေသယံဇာတများမှ အခွန် အခများ ရရှိစေရန်၊ ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် အလေးထားပြီး အဆိုမှာဖော်ပြထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အပိုင်း(၃)ပိုင်းကို ဆွေးနွေးချင်ပါတယ်။ ပထမဦးစွာ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အပိုင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုရှင်ဟာ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရန် ရေရှည်မြော်တွေးပြီး အဆိုကို တင်သွင်းထားတာလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ငါးလုပ်ငန်း၊ ရေလုပ်ငန်း များကို ပြည်တွင်းစားနပ်ရိက္ခာအတွက်သော်လည်းကောင်း၊ နိုင်ငံခြားအထိ တင်ပို့နိုင်ရန်အတွက်

သော်လည်းကောင်း ပိုမိုဆောင်ရွက်ပေးရန် လိုအပ်လာပါတယ်။ ငါးလုပ်ငန်းလို့ ပြောတဲ့အခါမှာ ရေချို၊ ရေငန် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်တာ ဖြစ်ပါတယ်။ ငါးလုပ်ငန်း၊ ရေလုပ်ငန်းအားလုံးနဲ့ သက်ဆိုင်ပါတယ်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအတွက် မွေးမြူရေး အရင်းအနှီးထုတ်ပေးခြင်း၊ ဥပဒေအရ အကာအကွယ်ပေးခြင်း၊ ဈေးကွက်ဖန်တီးပေးနိုင်ခြင်း ဒါတွေကို နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်ပေးဖို့ လိုအပ်လာပါတယ်။

အဲဒီအပြင် ငါးလုပ်ငန်း၊ ရေလုပ်ငန်း ထိန်းသိမ်းကာကွယ်ပေးဖို့ လိုအပ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ MSY ရဲ့ တိုင်းတာချက်အရ ငါးနှင့် ရေသယံဇာတဆုံးရှုံးမှုဟာ စိုးရိမ်ဖွယ်ရာ အခြေအနေကို ရောက်ရှိနေပြီလို့ ပြောပါတယ်။ ဒီလိုစိုးရိမ်စရာ အခြေအနေရောက်ရှိနေပြီဖြစ်တဲ့အတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းထက် ငါးမွေးမြူရေးလုပ်ငန်း၊ ငါးနှင့် ရေသယံဇာတ ပြန်လည်ဖြည့်ဆည်းပေးရမယ့် လုပ်ငန်းစီမံချက် အစီအမံတွေ ချမှတ်လုပ်ဆောင်ဖို့ လိုအပ်လာပါတယ်။ ငါးဖမ်းလုပ်ငန်းထက် ငါးမွေးမြူရေးလုပ်ငန်းကိုလည်း ပိုမိုအားပေး လုပ်ဆောင်သင့်ပါတယ်။ ငါးမွေးမြူရေးလုပ်ငန်းအတွက် သားဖောက်စခန်းတွေ၊ ဓာတ်ခွဲခန်းတွေ စီမံပေးဖို့အပြင် စီးပွားဖြစ် မွေးမြူနိုင်ဖို့ အခွင့်အလမ်းတွေကိုလည်း ဖန်တီးပေးဖို့ လိုအပ်လာပါတယ်။ ဒါမှလည်း ရေသယံဇာတများကို ထိန်းသိမ်းရာရောက်မှာ ဖြစ်ပါတယ်။

ဒုတိယအနေနဲ့ ဆွေးနွေးလိုတာကတော့ ငါးနှင့်သယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများကို ရရှိရန် ဆွေးနွေးချင်ပါတယ်။ အခွန်အခများရစေချင်လို့ ငါးနှင့်ရေသယံဇာတများကို သေချာစိစစ်ကြပ်မတ် စစ်ဆေးမှတ်တမ်းတင်ပြီးမှ စက်ရုံ သို့မဟုတ် ပြည်ပသို့ ပို့စေချင်တာ ဖြစ်ပါတယ်။ အခွန်အခကို ပြောတဲ့အခါမှာ ငါးနှင့်ရေလုပ်ငန်းပဲ မဟုတ်ဘဲ ပြည်တွင်းမှာရှိတဲ့ သယံဇာတ၊ အခြားသယံဇာတများ အခွန်ရရှိမှု လျော့နည်းနေတာကို တွေ့ရပါတယ်။ သတိထားစရာတစ်ခုက ငါးနှင့်ရေလုပ်ငန်းထွက်ပစ္စည်းတွေကို စိစစ်ကြပ်မတ်စစ်ဆေးတာဟာလည်း ကောင်းပါတယ်။ လိုလည်းလိုအပ်ပါတယ်။ သို့သော် တစ်ဖက်မှာလည်း အခွန်အပြည့်အဝရစေချင်လို့ ပြည်တွင်းမှာ စစ်ဆေးကြပ်မတ်တာတွေ လုပ်နေတာ နေရာ၊ ကျွမ်းကျင်မှုလုပ်သား၊ ဈေးကွက်နှင့် အခြေအနေ၊ အခြေခံလိုအပ်ချက်များ ကြိုတင်အစီအမံများ ဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။

နောက်တစ်ချက်က အခွန်ရချင်လို့ ဆောင်ရွက်တာ အခွန်အခများ ဆုံးရှုံးရနိုင်တာကိုလည်း သတိချပ်စရာဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့ ကရင်ပြည်နယ် နယ်စပ်တစ်လျှောက် သယံဇာတတွေဖြစ်တဲ့ ပြည်တွင်းသစ်တောသယံဇာတတွေ ပြည်တွင်းမှာ ရောင်းတဲ့ ပြည်တွင်းမှာရှိတဲ့ သစ်တောသယံဇာတတွေကို ထိုင်းကဝယ်ရင် သူ့နိုင်ငံကို ပြန်သယ်သွားလို့ရှိရင် အခွန် (၂၀)ရာခိုင်နှုန်း ပေးရပါတယ်။ ဒါကို ထိုင်းလူမျိုးတွေက ဝယ်ပြီးတော့ ထိုင်းနိုင်ငံမှာ ပြန်သွင်းတဲ့အခါကျရင် (၂၀)ရာခိုင်နှုန်း ပေးတယ်။ သူ့နိုင်ငံမှာ ဝယ်လို့ရှိရင်တော့ (၇)ရာခိုင်နှုန်းပဲ ရှိတယ်။ အဲဒီအခါကျတော့ သူတို့ဟာ ဒီ မြန်မာနိုင်ငံဘက်က လာမဝယ်တော့ဘူး။ ကိုယ့်ဆီကလူတွေပဲ သစ်တောသယံဇာတပစ္စည်းတွေကို ရတဲ့နည်းနဲ့ပဲ တရားမဝင်တဲ့နည်းနဲ့ ပစ္စည်းတွေကို နိုင်ငံတွင်းမှာပဲ ခိုးထုတ်ကြပါတယ်။ နိုင်ငံတွင်းက လူတွေက ခိုးထုတ်ကြတာ ဘာအခွန်မှ ကျွန်တော်တို့မရတော့ပါဘူး။ ဒီလိုခိုးထုတ်ပြီးမှ နိုင်ငံခြားမှာ သွားရောင်းကြပါတယ်။ အဲဒါကြောင့် အခွန်ရစေချင်လို့ လုပ်တဲ့အခါမှာ အခွန်နစ်နာဆုံးရှုံးရနိုင်တာကိုလည်း သတိထားပြီး ကြိုတင်ကာကွယ်မှု အစီအမံများကိုလည်း ကနဦးဆောင်ရွက်ထားဖို့ လိုအပ်လာပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ မြန်မာ့သယံဇာတထိန်းသိမ်းနိုင်ဖို့ ဒီစီမံချက်က အလွန်အရေးကြီးလှတယ်ဆိုတာကို ရှေ့ကကိုယ်စားလှယ်ကြီးများ အကျယ်တဝင့် ဆွေးနွေးထားပြီး ဖြစ်ပါတယ်။ သယံဇာတထိန်းသိမ်းနိုင်ဖို့ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးဖို့ လိုအပ်လာပါတယ်။ ဒီလိုသုတေသနဆောင်ရွက်ပြီး ရရှိလာတဲ့ အချက်အလက်တွေကို အလျင်အမြန် အကောင်ထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှလည်း ရေသယံဇာတတွေကို အချိန်တိုအတွင်း ကယ်တင်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မြေပေါ်၊ မြေအောက်သယံဇာတ များစွာဆုံးရှုံးနေပြီး ဘာမှန်းမသိ၊ ဘယ်လောက်တန်မှန်းမသိ၊ တန်ဖိုးလည်းနားမလည်၊ အကြမ်းတကာ့ ကုန်ကြမ်းဈေးနဲ့ပေးပြီး အရောင်းအဝယ်လုပ်လာခဲ့ကြတာ ကျွန်တော်တို့နိုင်ငံကို အမြတ်ထုတ်ခဲ့ကြတာ ဖြစ်ပါတယ်။ အခုဆိုရင် သယံဇာတတော်တော်များများက ကုန်သလောက်ဖြစ်နေပါပြီ။ ဒါကြောင့် ရေနှင့်ရေသယံဇာတများကို အချိန်မီထိန်းသိမ်းကာကွယ်ဖို့ လိုပါတယ်။ ဒီလိုကာကွယ်ရင်းနဲ့ ငါးဖမ်းသင်္ဘောများ၊ ငါးဖမ်းလှေများနှင့်နိုင်ငံခြား ငါးခိုးလှေများအပေါ် ထားတဲ့မူဝါဒများကို ပြတ်သားရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ငါးနှင့် ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငါးလုပ်ငန်းနှင့်ရေသယံဇာတမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရန်အတွက် ပြည်ထောင်စုအစိုးရ အနေဖြင့် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ၏ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်းများတွင် တင်ဆောင်ပြီးသေချာကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် FOB , CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအား အလေးအနက်ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မတီဟာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စပြီးလို့ ကော်မတီဖွဲ့ပြီးပြီ ဆိုကတည်းကတိုင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ဟာ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း နောက် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း ဆိုပြီးတော့ အဲဒီလို လေ့လာရေးလည်း သွားခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေလည်း တက်ခဲ့ပါတယ်။ အဲဒီကရခဲ့တဲ့ အတွေ့အကြုံတွေ၊ အသိတွေနဲ့ ကျွန်တော်တို့ လွှတ်တော်ထဲမှာ မွေးမြူရေးနှင့် ရေလုပ်ငန်းနဲ့ ပတ်သက်လို့ ရှိလို့ရှိရင်

ကျွန်တော်တို့ ထောက်ခံဆွေးနွေးတာတွေ ရှိခဲ့သလို အဆိုတင်သွင်းတာတွေလည်း ရှိခဲ့ပါတယ်။ တချို့ ဖျက်သိမ်းသင့်တဲ့ဟာတွေ ဖျက်သိမ်းဖို့လို့ ထောက်ခံဆွေးနွေးခဲ့တာတွေ ရှိခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က ပြီးခဲ့တဲ့အပတ်ကတည်းက ငါးပညာတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးဖို့ဆိုပြီးတော့ တစ်ခါကျွန်တော်တို့ အဆိုတစ်ခုတင်ခဲ့ပါတယ်။ အဲဒီမှာလည်း အဆိုဟာ လွှတ်တော်ကနေ အတည်ပြုခဲ့ပါတယ်။

အဲဒီငါးလုပ်ငန်းတက္ကသိုလ်မှာ ငါးဖမ်းတဲ့ပညာရပ်တွေ၊ ငါးသားဖောက်တဲ့ ပညာရပ်တွေ၊ ငါးကို ပြန်ပြီးတော့ အဆင့်မြှင့်ပြန်ပြီးတော့ ထုတ်လုပ်မယ့် နည်းပညာရပ်တွေ၊ ငါးကိုထိန်းသိမ်းတဲ့ ပညာရပ်တွေ၊ နိုင်ငံတကာနှင့် ပတ်သက်လာတဲ့ ဥပဒေတွေကစပြီး ကျွန်တော်တို့က သင်မယ့် တက္ကသိုလ်ကြီးကို ကျွန်တော်တို့ အဆိုတင်ခဲ့တဲ့အတွက် အဆိုနဲ့ ရရှိခဲ့ပါတယ်။ အဲဒီရဲ့နောက်ဆက်တွဲ ကျွန်တော်တို့က ဒီနေ့ အဲဒီတက္ကသိုလ်ကြီး ပေါ်လာပြီးပြီ၊ ဒီအလုပ်တွေလည်း လုပ်နေပြီဆိုရင် ကျွန်တော်တို့ တစ်ချက်ဘာလိုသလဲဆိုရင် အဲဒီရဲ့ ရလာတဲ့ငါးတွေ ဘာလုပ်တော့မလဲ၊ ကျွန်တော်တို့ ဒီနေ့ဖြစ်နေတဲ့ အခြေအနေကို ထိန်းသိမ်းဖို့အတွက် ပြုပြင်ဖို့အတွက် ကျွန်တော်တို့ ဒီတနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း နဲ့ ရေလုပ်ငန်းကော်မတီကနေ ဒါကို တင်ခဲ့တာပါ။ အဲဒီလိုတင်ခဲ့တဲ့အတွက် ပထမဆုံးတစ်ချက်အနေနဲ့ တရားမဝင်ငါးဖမ်းခြင်း၊ သတင်းပို့ရန် ပျက်ကွက်ခြင်းများ၊ ပုံမှန်မဟုတ်သော စည်းကမ်းမဲ့ ဖမ်းဆီးခြင်းများကို ကာကွယ်ရန် VMS စနစ် တပ်ဆင်ပေးရန်၊ တစ်ချက်က ဒါအခွန်အကောက်များ မှန်ကန်စွာ ရရှိရေးအတွက် Catch Certificates ထုတ်ပေးရန်ကိုလည်း စိစစ်ရန်ဆိုတဲ့ ကျွန်တော်တို့က ဒီ(၂)ခုနဲ့ ကျွန်တော်တို့ တင်ခဲ့တာပါ။

အဲဒီလိုတင်ခဲ့တဲ့ အချိန် အဲဒီ(၂)ခုသာ လုပ်နိုင်ခဲ့မယ်ဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ငါးနှင့် ရေသယံဇာတမှာ အခွန်အခများ ပိုမိုရရှိလာပါမယ်။ ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေများ ပိုရလာပါမယ်။ အချက်အလက်မှန်ကန်သော သုတေသနလုပ်ငန်းများ ပြုလုပ်လာနိုင်ပါမယ်။ သုတေသနလုပ်ငန်းမှ ငါးနှင့်ရေသယံဇာတများကို ထိန်းသိမ်းနိုင်လာပါမယ်။ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိလာပါမယ်။ ပြည်ပပို့ကုန်အတွက် Catch Certificates ထုတ်ပေးရာမှာလည်း တာဝန်ခံမှု၊ တာဝန်ယူမှုဆိုတဲ့ စာရွက်စာတမ်းများဟာ တိကျစွာ ဖြစ်လာပါမယ်။ ငါးဖမ်းလုပ်ငန်းအတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဖမ်းဆီးရန် နိုင်ငံတကာမှ သတ်မှတ်ထားသော တရားမဝင် ဖမ်းဆီးခြင်း၊ သတင်းပို့ရန် ပျက်ကွက်ခြင်း၊ စည်းမဲ့ကမ်းမဲ့ ဝင်ရောက်ဖမ်းဆီးခြင်း စသည်တို့ကို ကာကွယ်လာနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ငါးသယံဇာတပေါကြွယ်ဝပြီး ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတွေ၊ ကျွန်းပေါင်း(၈၀၀)ကျော် ပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ရေ၊ မြေရာသီဥတုတူတဲ့ ထိုင်းတို့၊ ဗီယက်နမ်တို့ဆို စောစောက လွှတ်တော်ကိုယ်စားလှယ်လည်း ဆွေးနွေးသွားပါတယ်။ သူတို့မှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာဆိုလို့ရှိရင် ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာသန်း (၇၅၀၀)ရပါတယ်။ ၂၀၂၀ ပြည့်နှစ် မှာဆိုလို့ရှိရင် သူတို့က သန်း(၁၂၀၀၀)အထိ ရည်မှန်းထားပါတယ်။ ဗီယက်နမ်နိုင်ငံက ဆိုလို့ရှိရင် သန်း(၇၁၀၀)ကို ငါးလုပ်ငန်းကနေ ရနေတာရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဆိုလို့ရှိရင် သန်း(၁၁၀၀၀)အထိ ရည်မှန်းထားပါတယ်။ မြန်မာနိုင်ငံက (၆၀၅.၈၂)သန်းဆိုတော့ (၁၀)ဆလောက် ကွာနေပါတယ်။ ဒါလည်း ကျွန်တော်တို့က ပြုပြင်ရမယ့် အခြေအနေ ရောက်လာပါပြီ။

ဒါကြောင့်လည်း ကျွန်တော်တို့က ထောက်ပြတာပါ။ တနင်္သာရီတိုင်းမှာဆိုလို့ရှိရင် ပင်လယ်ငါးဖမ်းစက်လှေဟာ အစင်းပေါင်း(၁၃၀၀)ကျော် ရှိတယ်။ အဆိုရှင်ရဲ့ အဆိုအရဆိုလို့ရှိရင် (၁၃၀၀)က ဒီကျွန်တော်တို့က ဒီ ငါးတင်/ငါးချဆိပ်ကမ်းကနေ ထွက်သွားတဲ့ ငါးတွေစစ်ဆေးတဲ့အခါမှာ One Stop Service ဆိုတဲ့ ဌာနပေါင်းစုံပါတာကနေ စစ်လိုက်တဲ့အချိန်မှာ Export တင်မယ့်ငါးက (၈၆၉)ခေါက်ပဲ ထွက်တယ်။ တကယ်တမ်းထွက်ရမှာက သူဟာအစီးရေနဲ့ ပြောကြကြေးဆိုရင်(၃၀၀၀)ကျော် ထွက်ရမယ်။ ဒါဟာလည်း ကျွန်တော်တို့ရဲ့ ချို့ယွင်းနေတဲ့ အချက်တွေပါပဲ။

နောက်တစ်ခုက ရေထွက်ပစ္စည်းများ စစ်ဆေးရာမှာလည်း အမှန်တကယ် ဆိပ်ကမ်းတင်/ချတဲ့ စစ်ဆေးခြင်းမဟုတ်ဘဲ လှေခေါင်းဆောင် တာဝန်ခံကပေးတဲ့ စာရင်းဇယားများကိုသာ စစ်ဆေးလက်မှတ်ရေးထိုးပြီး Catch Certificates ထုတ်ပေးနေရတာ တွေ့ရပါတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်လည်း မညီ၊ ငါးအမျိုးအစား၊ ကုန်ချိန်များလည်း မျက်မြင်မဟုတ်ဘဲနဲ့ စာရင်းဇယားများ အပေါ်သာ ကျွန်တော်တို့က အခြေခံပြီးတော့ စစ်ဆေးကောက်ခံနေရသောကြောင့် နိုင်ငံတော် အခွန်အခများ နစ်နာဆုံးရှုံးနေရပါတယ်။

ဒါကြောင့် ငါးနှင့် ရေသယံဇာတမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိရန်၊ မြန်မာ့ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေးမှ ဖမ်းဆီးရရှိသော ငါးနှင့် ရေသယံဇာတများကို ငါးတင်/ငါးချဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစစ်ဆေးကြပ်မတ် မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB , CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ရန် ပြည်ထောင်စုအစိုးရကို အဆိုရှင်က တိုက်တွန်းသွားပါတယ်။ ကျွန်တော့်အနေဖြင့်လည်း အဆိုရှင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အဆိုသည် နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးကို မျှော်ကိုးပြီး တင်သွင်းသွားတဲ့ အဆိုဖြစ်သဖြင့် လေးလေးနက်နက် ထောက်ခံကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ငါးသယံဇာတတွေကို ရေရှည်ထိန်းသိမ်းနိုင်ဖို့၊ ကုန်သွယ်မှုနဲ့ အခွန်အခတို့ကို မှန်ကန်စွာရရှိဖို့၊ တိုင်းပြည်ရဲ့ ဘဏ္ဍာနဲ့ သယံဇာတတွေ အလဟဿ မဖြစ်ဖို့အတွက် ဖမ်းမိလာတဲ့ ငါးမှန်သမျှစက်ရုံတွေဆီမသွားခင် ဝယ်လက်ထဲမရောက်ခင် အထူးပြုငါးတင်/ငါးချ ဆိပ်ကမ်းမျိုးမှာပဲ ကြပ်မတ်စစ်ဆေးနိုင်ဖို့ အလွန်တရာမှ အရေးကြီးလှပါတယ်။ အခုပုံမှာ မြင်ရတာကတော့ ဆိုင်ရာဝန်ကြီး ကိုယ်တိုင်

ရောက်ဖူးပြီး၊ အစိုးရ(၃၀)ရာခိုင်နှုန်း ရှယ်ယာပါတဲ့ လွန်ခဲ့တဲ့ (၁၆)နှစ်ကျော်ကတည်းက မြိတ်မှာရှိခဲ့တဲ့ Myanmar Fisheries International Joint Venture Ltd.(MFIJV) ရဲ့ ငါးတင်ငါးချဆိပ်ကမ်းပဲ ဖြစ်ပါတယ်။ အဲဒီလို အထူးပြုဆိပ်ကမ်းမျိုးမှာဆိုရင် ကမ်းနီးလှေများ၊ တန်ဖိုးမြှင့် စက်ရုံမရှိတဲ့ ကိုယ်ပိုင်လှေကြီးများ၊ စက်ရုံပိုင် သို့မဟုတ် စက်ရုံနှင့် ချိတ်ဆက်လှေကြီးများ၊ လိုင်းဖြူ လိုင်းနီစတဲ့ ငါးကဲ့လှေများ လာရောက်နိုင်သလို ဝယ်လက်(၃)မျိုးလည်း လာရောက်နိုင်မှာ ဖြစ်ပေမယ့် ခုလိုနိုင်ငံတကာ စံနှုန်းနှင့်မညီတဲ့ FOB စနစ်ကိုပဲ ကျင့်သုံးနေလို့ ထိုင်းက အမေရိကန်ဒေါ်လာ(၇)ဘီလီယံ ရနေချိန်မှာ မြန်မာက သန်း(၅၀၀)၊ (၆၀၀)ကို မနည်းကြိုးစားနေရတာ ဖြစ်ပါတယ်။ အမှန်ဆို စက်ရုံတို့၊ ကိုယ်ပိုင်ဆိပ်ကမ်းတို့ရှိတဲ့ ငါးဖမ်းလှေတွေအနေနဲ့ အထူးပြုဆိပ်ကမ်းမှာ အမှန်မစစ်ဆေးဘဲ စက်ရုံတွေဆီ၊ မိမိဆိပ်ကမ်း တံတားတွေဆီ တန်းပြီး သယ်ယူခွင့်မရှိရပါဘူး။

ဒါကြောင့် MIC အနေနဲ့က ငါးချဆိပ်ကမ်း၊ ငါးလေလံဈေး၊ ငါးဈေးများကို ကန့်သတ်ရင်းနှီးမြှုပ်နှံမှု စာရင်းထဲမှာ ထည့်သွင်းထားရခြင်း ဖြစ်ပါတယ်။ ငါးကုန်တက် ဘယ်လောက်၊ ဘယ်အမျိုးအစားဆိုတာတွေကို ဆိုင်ရာအစိုးရတာဝန်ရှိသူတွေ အမှန်စစ်ဆေးခွင့်မရဘဲ လက်ရှိအနေအထားလို လုပ်ငန်းရှင်ပြောသမျှကိုသာ လက်ခံနေရခြင်းကြောင့် တိုင်းပြည်အတွက် များစွာနစ်နာလှပါတယ်။ သယံဇာတဆိုတာ တိုင်းသူပြည်သား အားလုံးပိုင်လို့ နိုင်ငံအတွက် အကျိုးရှိအောင် စီမံရမှာ ဖြစ်သလို လုပ်ငန်းရှင်တွေကလည်း ဥပဒေနှင့်အညီ အခွန်အခတွေ ပြည့်ဝစွာ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

ငါးနဲ့ပတ်သက်လို့ ဘယ်စက်ရုံပဲသွားသွား အထူးပြုဆိပ်ကမ်းမှာ စစ်ဆေးပြီး Prepaid Export Tax 2 Percent ကို One Stop Service မှာ ကြိုတင်ဆောင်သွားတာဖြစ်ပြီး ကျန်တာကို နောက်မှ ဖြည်းဖြည်းဆောင်တော့ လုပ်ငန်းရှင်အနေနဲ့ တစ်လုံးတည်း မဆောင်ရတဲ့အတွက် အခွန်ရှောင်တာမျိုးလည်း မဖြစ်တော့ဘဲ အခွန်ဘဏ္ဍာ ပိုမိုတိုးရစေပါတယ်။ ဥပမာ Prepaid Tax ကျပ် ၁၀၀၀၀ ဆောင်ထားသူအတွက် စုစုပေါင်းအခွန် ကျပ် ၅၀၀၀၀ သောင်းကျရင် နောက်ထပ် ကျပ် ၄၀၀၀၀ပဲ ပေးရန်ကျန်လို့ သူအနေနဲ့လည်းပေးပျော် နိုင်ငံတော်လည်း အခွန်မှန်စွာ ရရှိစေပါတယ်။ တစ်လုံးတည်း ဆောင်ရတဲ့အခါမျိုးမှာတော့ အခွန်ရှောင်မှုတွေ များလာပြီး အကျင့်ပျက် ခြစားမှုပါ တိုးပွားလာနိုင်ပါတယ်။ သူများနိုင်ငံတွေလို မှန်ကန်စွာ မစစ်ဆေးဘဲ လက်ရှိလုပ်နေတာလေးကို လေ့လာကြည့်ရင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ လိုင်းနီငါးသယ်လှေ (၆၂၈)စီးအနေနဲ့ (၁၂၇၉၁)တန်၊ (၁)စီးကို တန်(၂၀)ဝန်းကျင်ပဲ ဖမ်းတဲ့သဘော ဖြစ်နေပါတယ်။ (၁)စီးကို တန်(၂၀)နှုန်းဆိုတာ ဖြစ်နိုင်၊ မဖြစ်နိုင် တကယ်တန်(၂၀)ပဲ ဖမ်းတယ်ဆိုရင်ထားတော့ GRT တန်(၁၀၀)နိုင်တာကို (၂၀)ပဲ ပြတာဆိုရင်တော့ ဆိပ်ကမ်းမှာ တကယ်မစစ်ဆေးတဲ့အတွက်ကြောင့်ပါပဲ။ ဒါ့အပြင် ပါကေးငါး (၅၅၃၁.၅) တန်မှာ (1)KGမှ မြန်မာငွေ (၂၅၀) ကျပ်ရှိတဲ့ ငါးမှုန့်စက်ရုံသုံး အပေါစားငါးတွေ ပြထားတာဖြစ်ပြီး၊ မြင်သာတဲ့ ကျောက်စိမ်းတို့၊ သစ်တို့တောင် အခုထိ ခိုးထုတ်နေကြတာ၊ မမြင်သာတဲ့ ပုံးထဲက ငါးတွေ အမှန်အကန်ပါလို့ ဘယ်သူ အာမခံ မှာလဲ။

ဒီလို ကုန်းပေါ်မှာ မတင်/မချ မစစ်ဆေးဘဲ လုပ်ငန်းရှင် ပြောသမျှနဲ့ ပြီးနေကြရင်တော့ ရွှေပြည်တော် မျှော်တိုင်း ဝေးနေဦးမှာပါပဲ။ ဝန်ထမ်းတွေ လစာတိုးချင်တယ်၊ သူများနိုင်ငံနဲ့ တန်းတူ

ဖြစ်ချင်တယ်ဆိုရင် နိုင်ငံတော်အတွက် ရသင့်တဲ့ အခွန်အခတွေ မှန်မှန်ရဖို့ကလည်း ဝန်ထမ်းတွေမှာ တာဝန်အများကြီး ရှိပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ကိုယ့်မိသားစု ပြေလည်ဖို့အတွက်ပဲ ကြည့်ပြီး လုပ်ငန်းရှင်နဲ့ အဆင်ပြေပြီးရော ဝတ်ကျေတန်းကျေ လုပ်နေကြရင် ဘဝတူ အခြားဝန်ထမ်းတွေ အတွက် မျှဝေခြင်း ခံစားခွင့်တွေ ရှိလာမှာ မဟုတ်ပါဘူး။

ပြည်ပပို့ လိုင်းဖြူအနေနဲ့ (၇၄)ခေါက်၊ (၁)ခေါက်(၁၁၈)တန်ခန့် ပျမ်းမျှတင်ပို့တာဟာ စုစုပေါင်း (၈၇၅၃.၈၂၆၄)တန်ဖြစ်လို့ ဖမ်းမိငါး (၇၂၁၀)တန်ကျော်ရယ်၊ ပုစွန်(၄၉.၃၄)တန် ပေါင်းလိုက်ရင် (၇၂၅၉.၅၃)တန်ပဲဆိုတော့ ဖမ်းမိတာထက် ပို့တာ ပိုများနေပြီး တန်(၁၅၀၀)နီးပါး ကွာဟနေပါတယ်။ အထူးဆိပ်ကမ်းမှာသာ စစ်ဆေးရင် အခုလို ကွာစရာမလိုပါဘူး။ ဒါဆိုရင် ပြည်ပပို့တာပဲ မကောင်းဘူး လား မေးစရာရှိပေမယ့် ဘယ်လိုဖမ်းခဲ့တဲ့ ငါးလဲ၊ ရေလုပ်သားတွေ ကျွန်ပြုဖမ်းတာလား၊ တရားမဝင် ငါးတွေလားဆိုတာကို မေးဖို့မေးခွန်းများစွာ ရှိနေပြီး IUU နဲ့လည်း မကိုက်ညီတော့တဲ့အပြင် တန်(၇၂၀၀)အပေါ်မှာပဲ နိုင်ငံတော်က ဝင်ငွေရရှိတာဖြစ်လို့ လတိုင်းတန်(၁၅၀၀)ခန့် နစ်နာနေရင် သယံဇာတလည်းဆုံးရှုံး၊ ဘယ်ငါးဖမ်းကွက်မှ ဘယ်ငါးမျိုးတွေကိုလည်း မသိရ၊ ငါးအသစ်တွေ တွေ့ရှိမှု သုတေသနပြုဖို့လည်း အခွင့်မရှိတော့ တစ်ချိန်လုံး FOB စနစ် အမှားအားကိုးပြီး ပို့နေသမျှတော့ ဒီမှာကုန်ကြမ်း မရှိလို့ ဘယ်ရင်းနှီးမြှုပ်နှံမှုမှလည်း လာမှာမဟုတ်ပါဘူး။ တန်ဖိုးမြှင့် စက်ရုံတွေဖြစ်ဖို့၊ ကုန်ကြမ်း လုံလောက်စွာရဖို့၊ အစိုးရက ဦးဆောင်ထိန်းကျောင်းပေးဖို့ တာဝန်ရှိပါတယ်။

အခုဖြစ်နေတာက One Stop Service မှာ စာရွက်စာရင်းဇယားပဲ ရောက်လာပြီး ကမ်းနီး လှေအသေးတွေကလည်း ရောင်းချင်ရာရောင်း၊ အအေးခန်းစက်ရုံ ရှိသူတွေကလည်း ကိုယ့်တံတား ကိုယ်သွားချင်သလို သွားနေကြလို့ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာတွေ ရသင့်သလောက် မရဘဲ ဆုံးရှုံး နေရပါတယ်။ ခုလို ကိုယ့်ဆိပ်ကမ်း၊ ကိုယ့်တံတားမှာ ကိုယ်ထင်သလို ပို့ကုန်၊ သွင်းကုန်တွေ လုပ်နေကြ တာလည်း တရားဝင် ကုန်သွယ်မှု မဟုတ်ပါဘူး။ ပြည်ပကို ငါးပို့ပြီး ပြန်လာရင် ဘိလပ်မြေ၊ အရက်၊ အိမ်ဆောက်ပစ္စည်းမျိုးစုံနဲ့ အခြားပစ္စည်းမျိုးပေါင်းများစွာရဲ့ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်တွေကလည်း နိုင်ငံတော်က အမှန်မရ၊ အဲဒီလို တင်ချတာတွေကို မသိကျိုးကျွံပြုခြင်းဟာလည်း နိုင်ငံတော်ရဲ့ ကန့်သတ်ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ချိုးဖောက်တာ ရောက်တာမို့ တာဝန်ရှိသူတွေ သတိမူစေချင် ပါတယ်။


လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ နေရာတိုင်း ဝန်ထမ်း မလုံလောက်လို့ လုပ်ငန်းမလွှမ်းခြုံနိုင်တာကို ဖြေလျှော့ဖို့၊ တစ်နေရာတည်းမှာ ကျစ်လျစ်စွာ ထိန်းချုပ်နိုင် အောင်လို့၊ ရှိပြီးသား အထူးပြုဆိပ်ကမ်းမှ တင်ချပြီး၊ စနစ်ကျတဲ့ စစ်ဆေးမှုတွေကို အသေအချာလုပ်ကာ ရေလုပ်ငန်းကို ကောင်းမွန်စွာ ထိန်းချုပ်နိုင်မယ်ဆိုရင်တော့ (၁) ရေလုပ်ငန်းကနေ ဒုတိယ အများဆုံး သော အခွန်တွေ ရလာနိုင်ပါတယ်။ (၂) တန်ဖိုးမြှင့် စက်ရုံတွေ ဖြစ်လာနိုင်ပြီး Job Creation နဲ့အတူ Made in Myanmar ဆိုတဲ့ အမှတ်တံဆိပ်တွေနဲ့ မြန်မာနိုင်ငံရဲ့ဂုဏ်ကို ဖော်ဆောင်နိုင်ရုံသာမက နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် မဟာချိုင်တလေထိုင်းငါးဈေးမှာ ပြောခဲ့တဲ့ တစ်သိန်းမကသော လုပ်သားတွေကို မိဘရင်ခွင်ပြန်ခေါ်မယ်ဆိုတဲ့ ပေးထားတဲ့ကတိကိုလည်း ဖြည့်ဆည်းပေးရာ ရောက်မယ့် အပြင်၊ (၃) တရားမဝင် ကုန်သွယ်မှုကိုလည်း ကောင်းစွာဟန့်တားနိုင်ပြီး၊ နိုင်ငံနဲ့ ပြည်သူတွေအတွက်

အလွန်တရာ အကျိုးဖြစ်ပွားဖို့ သားရွှေအိုးထမ်းလာတာကို မြင်ရတဲ့ မိဘနှစ်ပါး ပျော်ရွှင်မှုမျိုး ရရှိနိုင်မယ့် ဒီအဆိုကို လေးနက်စွာ ထောက်ခံပါကြောင်းနှင့် အမျိုးသားလွှတ်တော်ရဲ့ ယခင်ငါးတက္ကသိုလ် အဆိုနဲ့ ပတ်သက်လို့ ဖြစ်နိုင်ခြေ ဝေးနေဦးမှာလို့ ထင်ကြေးပေးသူတွေအနေနဲ့ အခုအဆိုကိုသာ တကယ်အကောင်အထည်ဖော် အောင်မြင်အောင် ဆောင်ရွက်ကြမယ်ဆိုရင် တိုးပွားလာမယ့် ဘဏ္ဍာငွေတွေနဲ့ ငါးတက္ကသိုလ်ကြီး တစ်ခုသာမက တည်ဆောက်နိုင်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ကြဘာသံများ)

အထူးပြုဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်သည့် ငါးဖမ်းယာဉ်များ/ ငါးဝယ်လှေများပြပုံ (၈၂)





၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်းလိုင်းနီ (၆၂၈)စီး ဖမ်းဆီးသည့် ငါး/ပုစွန်/ပါကေးတန်ချိန်ဇယားပြပုံ (၈၂-၁)




| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၆.၈.၂၀၁၇ | ၂ | - | - | - | - | - | - | ၂ | ၉၀.၂၀ | ၀.၇၆ | ၈၅.၀၀ | ၁၇၅.၉၆ |
| ၁၇.၈.၂၀၁၇ | ၉ | - | - | - | ၁ | - | - | ၁၀ | ၃၆၃.၇၁ | ၃.၈၂ | ၃၇၂.၅၀ | ၇၄၀.၀၃ |
| ၁၈.၈.၂၀၁၇ | ၄ | - | - | - | - | - | - | ၄ | ၁၃၄.၄၆ | ၁.၅၅ | ၁၂၄.၅၀ | ၂၈၀.၁၄ |
| ၁၉.၈.၂၀၁၇ | ၇ | - | - | - | - | - | - | ၇ | ၂၁၈.၉၀ | ၁.၆၃ | ၂၁၁.၅၀ | ၄၃၂.၀၃ |
| ၂၀.၈.၂၀၁၇ | ၆ | - | - | - | - | ၉ | - | ၁၅ | ၂၂၃.၈၉ | ၁.၆၉ | ၂၁၁.၀၀ | ၄၃၆.၅၈ |
| ၂၁.၈.၂၀၁၇ | ၆ | ၃ | - | - | - | - | - | ၉ | ၄၄၄.၈၃ | ၁.၈၇ | ၂၄၇.၀၀ | ၆၉၃.၈၀ |
| ၂၂.၈.၂၀၁၇ | ၅ | ၃ | - | - | ၁ | - | - | ၉ | ၃၀၈.၂၆ | ၂.၃၀ | ၂၆၇.၇၀ | ၅၇၈.၂၆ |
| ၂၃.၈.၂၀၁၇ | ၆ | - | ၁ | - | ၁ | - | - | ၈ | ၂၁၄.၀၃ | ၂.၁၄ | ၂၁၁.၆၀ | ၄၂၈.၁၇ |
| ၂၄.၈.၂၀၁၇ | ၅ | ၁ | - | - | - | - | - | ၆ | ၂၁၉.၀၁ | ၂.၀၅ | ၁၄၈.၆၄ | ၄၀၉.၇၀ |
| ၂၅.၈.၂၀၁၇ | ၄ | ၃ | - | - | ၁ | - | - | ၈ | ၂၆၃.၄၀ | ၀.၇၀ | ၉၈.၅၀ | ၃၆၂.၆၁ |
| ၂၆.၈.၂၀၁၇ | ၄ | - | - | - | - | - | - | ၄ | ၁၁၇.၇၈ | ၁.၃၀ | ၁၅၁.၀၀ | ၂၈၀.၀၈ |
| ၂၇.၈.၂၀၁၇ | ၆ | ၃ | ၁ | - | - | - | - | ၁၀ | ၃၈၄.၉၆ | ၀.၈၇ | ၁၈၈.၅၀ | ၅၇၄.၄၃ |
| ၂၈.၈.၂၀၁၇ | ၂ | - | ၁ | - | - | - | - | ၃ | ၇၄.၄၃ | ၀.၂၃ | ၅၉.၆၀ | ၁၃၄.၇၈ |
| ၂၉.၈.၂၀၁၇ | ၈ | - | - | - | - | - | - | ၈ | ၃၁၀.၉၃ | ၂.၂၁ | ၂၈၇.၆၃ | ၆၀၀.၇၆ |
| ၃၀.၈.၂၀၁၇ | ၁၀ | - | ၂ | - | - | - | - | ၁၂ | ၃၅၀.၃၉ | ၂.၃၇ | ၃၀၄.၆၃ | ၆၅၇.၃၈ |
| ၃၁.၈.၂၀၁၇ | ၁၂ | - | - | - | - | - | - | ၁၂ | ၄၉၂.၆၉ | ၂.၆၃ | ၂၁၀.၀၀ | ၇၀၅.၃၂ |
| စုစုပေါင်း | ၁၀၇ | ၁၃ | ၇ | ၀ | ၄ | ၁၀ | ၄ | ၁၂၈ | ၇၂၀၀.၁၈ | ၅၉.၃၄ | ၅၅၃၁.၅၅ | ၁၂၇၉၁.၀၈ |

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁)ရက်မှ (၃၁)ရက်နေ့အထိ လိုင်းဖြူငါးသယ်ရေယာဉ်များ၏ ရေထွက်ပစ္စည်း တင်ပို့မှု နှိုင်းယှဉ်ချက် ဇယားပြပုံ (ဈ-၂)



| ရက်စွဲ | လိုင်စင်ရ | လိုင်စင်မဲ့ | ခေါက် | ကုန်ချိန် | တန်ဘိုး |
|---|---|---|---|---|---|
| 1.8.2017 | 1 | | 1 | 224400.000 | 201960.000 |
| 2.8.2017 | 3 | | 3 | 277915.000 | 308815.800 |
| 3.8.2017 | - | - | - | - | - |
| 4.8.2017 | 2 | | 2 | 213520.000 | 246366.830 |
| 5.8.2017 | 2 | | 2 | 232160.000 | 244002.480 |
| 6.8.2017 | 1 | | 1 | 121680.000 | 119350.240 |
| 7.8.017 | 3 | | 3 | 365595.000 | 394226.130 |
| 8.8.2017 | 3 | | 3 | 339800.000 | 383615.260 |
| 9.8.2017 | 2 | | 2 | 143660.000 | 186412.470 |
| 10.8.2017 | 3 | | 3 | 304300.000 | 300211.190 |
| 11.8.2017 | 3 | | 3 | 301590.000 | 309871.010 |
| 12.8.2017 | 5 | | 5 | 502075.000 | 506652.700 |
| 13.8.2017 | 2 | | 2 | 257535.000 | 258947.110 |
| 14.8.2017 | 2 | | 2 | 220850.000 | 249347.010 |
| 15.8.2017 | 4 | | 4 | 616185.000 | 603116.800 |
| 16.8.2017 | 3 | | 3 | 292560.000 | 321234.770 |
| 17.8.2017 | 1 | | 1 | 118055.000 | 124646.670 |
| 18.8.2017 | 1 | | 1 | 95800.000 | 103947.500 |
| 19.8.2017 | 2 | | 2 | 193475.000 | 199819.120 |
| 20.8.2017 | 3 | | 3 | 326770.000 | 346687.020 |
| 21.8.2017 | 3 | | 3 | 372520.000 | 415113.720 |
| 22.8.2017 | 2 | | 2 | 225356.400 | 819407.486 |
| 23.8.2017 | 3 | | 3 | 309880.000 | 322091.000 |
| 24.8.2017 | 3 | | 3 | 349385.000 | 367149.030 |
| 25.8.2017 | 3 | | 3 | 765630.000 | 713699.980 |
| 26.8.2017 | 1 | | 1 | 159560.000 | 169153.070 |
| 27.8.2017 | 4 | | 4 | 454555.000 | 500981.745 |
| 28.8.2017 | 2 | | 2 | 223130.000 | 244595.750 |
| 29.8.2017 | 2 | | 2 | 212375.000 | 229325.890 |
| 30.8.2017 | 3 | | 3 | 292200.000 | 310102.360 |
| 31.8.2017 | 2 | | 2 | 241310.000 | 262270.960 |
| စုစုပေါင်း | 74 | 0 | 74 | 8753826.400 | 9763121.101 |

Remark 8753826.400/1000kg= 8500 တန်



**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာဝင်းမြင့် ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း တင်သွင်းသွားတဲ့ အဆိုနှင့် ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အားလုံးသိတဲ့အတိုင်း ကမ္ဘာမှာ ငါးနှင့် ရေသယံဇာတ ပိုင်ဆိုင်မှု အဆင့်(၁၄)မှာရှိပြီးတော့ ထုတ်လုပ်မှု အပိုင်းမှာလည်း ဂျပန်နိုင်ငံပြီးရင် အဋ္ဌမမြောက်မှာ ရှိပါတယ်။ ဒါ့အပြင် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်း၊ ပေါများတဲ့ ကျွန်းတွေနဲ့ ကျယ်ဝန်းတဲ့ ရေပြင်ပိုင်နက်တွေကို ပိုင်ဆိုင်ထားတာလည်း ဖြစ်ပါတယ်။ အဲဒီလို ဖြစ်ပေမယ့် ကျွန်တော်တို့ နိုင်ငံဟာ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ရဲ့ ငါးလုပ်ငန်းမှ ရရှိတဲ့ ဝင်ငွေရဲ့ (၁၀)ပုံ၊ (၁)ပုံသာ ရရှိနေပါတယ်။ အဲဒီလို ရရှိနေရတဲ့ အကြောင်းအရင်းတွေထဲမှာ အဆိုရှင်တင်သွင်းသွားတဲ့ ငါးတင်/ငါးချဆိပ်ကမ်းတွေမှာ စနစ်တကျ စည်းကမ်းရှိစွာ မလုပ်ခြင်းကြောင့်လည်း အကြောင်းအရင်းတစ်ရပ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ငါးလုပ်ငန်းဆိုင်ရာမှာဆိုလို့ရှိရင် ငါးလုပ်ငန်းဦးစီးဌာနက ဥပဒေတွေ၊ စည်းကမ်းတွေနှင့်အညီ ပင်လယ်ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်တွေ၊ ရေလုပ်သားတွေ၊ ၎င်းတို့ရဲ့ ပိုင်ဆိုင်မှုတွေကို စာရင်းဇယားပြုစုပြီး စနစ်တကျလုပ်ရပါတယ်။ Closed Area , Closed

Season မှ လွဲပြီး ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်တွေကို ကမ်းဝင်၊ ကမ်းထွက်တွေမှာ (Put in, Put Out) ဆိုပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေဖြစ်တဲ့ ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်ရေ အလုပ်သမားနဲ့ ကျန်းမာရေးဌာနတွေ၊ အကောက်အခွန်ဌာနတွေ၊ လ.ဝ.က ဌာနတွေက ကျွန်တော်တို့ အသေအချာ စစ်ဆေးရပါတယ်။ အဲဒီလို စစ်ဆေးတဲ့လုပ်ငန်းတွေဟာ အခုအချိန်အခါမှာ အဖြစ်သဘောမျိုးသာ ရှိပါတယ်။ သေသေချာချာ စစ်ဆေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဥပမာအားဖြင့် ငါးလုပ်ငန်းဦးစီးဌာနကနေသွားတဲ့ ငါးဖမ်းရေယာဉ်တွေ၊ အဲဒီရဲ့ စက်အင်အားတွေ ပါဝင်တဲ့ ရေလုပ်သားတွေ၊ နောက်တစ်ခါ သူ့မှာပါဝင်တဲ့ ငါးဖမ်းကိရိယာတွေ ရေခဲပြည့်စုံမှု ရှိ/မရှိ ကျွန်တော်တို့ စစ်ဆေးရပါတယ်။ ကျန်းမာရေးဌာနကလည်း သွားတဲ့ စားနပ်ရိက္ခာ ဖူလုံမှု ရှိ/မရှိ။ သောက်သုံးရေ သန့်ပြန့်မှု ရှိ/မရှိ။ ရေလုပ်သားတွေရဲ့ ကျန်းမာရေးနဲ့ ဒီ သန့်စင်ခန်းကအစ စစ်ဆေးရပါတယ်။

အလုပ်သမားညွှန်ကြားမှုဦးစီးဌာနကလည်း အလုပ်သမားမှတ်ပုံတင်၊ ရေလုပ်သားမှတ်ပုံတင်တွေ ရှိ/မရှိ စစ်ဆေးရသလို ကျွန်တော်တို့ လ.ဝ.က နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင်၊ တပ်မတော်ရေကလည်းပဲ ဒီလှေတွေပေါ်မှာ လူတွေ လူကုန်ကူးမှု ရှိ/မရှိနဲ့ တရားမဝင်တဲ့ပစ္စည်းတွေ သယ်ဆောင်သွားမှု ရှိ/မရှိတွေ စစ်ဆေးပြီးတော့ VMS စနစ် တပ်ဆင်ပေးကာ ငါးဖမ်းထွက်စေရပါတယ်။ အဲဒီလိုထွက်လာပြီး VMS တပ်ဆင်ထားခြင်းအားဖြင့် ကျွန်တော်တို့ မသမာမှုများကို ပပျောက်လျော့နည်းစေမှာ ဖြစ်ပါတယ်။ VMS တပ်ဆင်ထားခြင်းအားဖြင့် သွားတဲ့ငါးဖမ်းလှေတွေဟာ မိမိတို့ဖမ်းတဲ့နေရာမှာ ဖမ်း/မဖမ်း။ အခြားဒေသကို ခိုးဖမ်းခြင်း၊ သတင်းမပို့ခြင်း၊ ပုံမှန်မဟုတ်သော စည်းကမ်းမဲ့ ဝင်ရောက်ဖမ်းခြင်း၊ Illegal Unreported and UNREGULATE Fishing ဆိုတဲ့ IUU တွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ဖမ်းလာတဲ့ငါးတွေကို ကျွန်တော်တို့ ဆိပ်ကမ်းတွေကို ပြန်ရောက်တဲ့အခါမှာ ရေထွက်ပစ္စည်းတွေ စစ်ဆေးရေးဂိတ် One Stop Service ဆိုတဲ့ OSS မှာလည်းပဲ ခုနက သက်ဆိုင်ရာအဖွဲ့အစည်းတွေက စနစ်တကျ စစ်ရပါတယ်။ ဒီ ငါးလုပ်ငန်းပေါ်မှာ ပါလာတဲ့ ခေါင်းဆောင်ကပေးတဲ့ စာရင်းဇယားကိုပဲ မကြည့်ဘဲနဲ့ အပေါ်ကို စနစ်တကျ အတင်/အချ စာရင်းဇယား မှတ်တမ်းတင်ပြီးမှသာ Catch Certificates ကို ထုတ်ပေးရပါတယ်။ အဲဒီလို ထုတ်ပေးခြင်းအားဖြင့် ကျွန်တော်တို့ ရေရှည်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး ငါးသယံဇာတတွေ ထိန်းသိမ်းနိုင်မှာဖြစ်သလို သုတေသနလုပ်ငန်းတွေမှာလည်း အထောက်အကူဖြစ်ပါမယ်။

အခုအခါမှာက အဲဒီလို မဟုတ်ဘဲနဲ့ ငါးနှင့် ငါးထွက်ကုန်ပစ္စည်းတွေကို ကုန်းပေါ်မှာ တင်ပြီးတော့ စစ်ဆေးခြင်းမပြုဘဲနဲ့ ရေခဲမရှိလို့၊ ပုပ်သိုးမှာစိုးလို့ လုပ်အားတွေ အပေါ်တင်လိုက်၊ ချလိုက်ဆိုရင် ကုန်မှာစိုးလို့ဆိုပြီး ငါးတွေကို သင်္ဘောပေါ်မှာပဲ၊ ငါးဖမ်းရေယာဉ်ပေါ်မှာပဲ ဆင်းပြီးစစ်ဆေးရတဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒီ ငါးဖမ်းရေယာဉ်တွေက ပါလာတဲ့ ငါးတန်ချိန်တွေကို လျှော့ပြီးပြတဲ့ အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံအတွက် အခွန်အကောက်တွေ နစ်နာပါတယ်။ ခုနက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာခွန်ဝင်းသောင်း ပြောသွားသလိုပါပဲ။ ဒီလိုင်းနီ ရေယာဉ် (၆၂၈)စီးနဲ့တင်ပြီး (၇၄)ခေါက်လောက် ဒီ လိုင်းဖြူရေယာဉ်နဲ့ ထိုင်းနိုင်ငံကို ပို့တယ်။ အဲဒီမှာတင် ကျွန်တော်တို့က ငါးတန်ချိန်(၁၅၀၀)လောက် ဆုံးရှုံးသွားတယ်။ အဲဒီလိုပဲ တစ်နေ့ တစ်နေ့မှာ

ကျွန်တော်တို့ ထိုင်းနိုင်ငံ၊ ရနောင်း ငါးလေလံဈေးကြီးကို တစ်နေ့ကို တန်ချိန်ပေါင်း (၂၅၀၀)လောက်မှာ (၁၅၀၀)လောက်က ဆုံးရှုံးနေပါတယ်။ အဲဒီတော့ တင်သွားတုန်းက ငါးတန်ချိန်နဲ့ ထိုင်းနိုင်ငံကို ရောက်တဲ့ ငါးတန်ချိန် စာရင်းဇယားက တူညီနေမှာဖြစ်ပါတယ်။ အခုတော့ မတူညီပါဘူး။

နောက်တစ်ခါ FOB စနစ် ဆိုရာမှာလည်း ကျွန်တော်တို့နိုင်ငံက ငါးကို သွားပြီး အောက်ကျခံရောင်းစရာမလိုဘဲ ကျွန်တော်တို့နိုင်ငံကို လာဝယ်ရမှာပါ။ အဲဒီလို ဝယ်ခြင်းအားဖြင့် ကျွန်တော်တို့က အခွန်အကောက်တွေ ရမှာဖြစ်ပါတယ်။ အဲဒီလို စနစ်တကျ ငါးတင်/ငါးချ ဆိပ်ကမ်းမှာလုပ်ခြင်းအားဖြင့် ကျွန်တော်တို့တွေက ဒီ ကုန်ကြမ်းတွေ ချတုန်းက ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံတဲ့သူက ရောက်လာမှာပါ။ ရင်းနှီးမြှုပ်နှံတဲ့သူတွေ ရောက်လာပြီးလုပ်ပါမှ ကျွန်တော်တို့ အအေးခန်းစက်ရုံတွေ၊ ရေခဲစက်ရုံတွေ၊ ဒီ ငါးဖမ်းကိရိယာလုပ်တဲ့ စက်ရုံတွေ၊ Value added စက်ရုံတွေ ပေါ်ပေါက်လာပြီးတော့ ကျွန်တော်တို့ ဒေသခံအလုပ်သမားတွေလည်း အလုပ်ရနိုင်မှာဖြစ်သလို တစ်ခြားဒေသ နိုင်ငံခြားကို ရောက်နေတဲ့ ကျွန်တော်တို့ ရေလုပ်သားတွေလည်း ပြန်လည်ရောက်ရှိလာမှာ ဖြစ်ပြီးတော့ ကျွန်တော်တို့ရဲ့ ငါးလုပ်ငန်းက ရရှိတဲ့ငွေဟာ ဒေါ်လာသန်းပေါင်းများစွာ တိုးတက်လာမှာဖြစ်ပါတယ်။

အခုလက်ရှိ ဖြစ်နေတာကတော့ ကျွန်တော်တို့နိုင်ငံက ရေသယံဇာတတွေ ဆုံးရှုံးနေတာ နိုင်ငံတော်က၊ အကျိုးအမြတ် ရရှိနေတာ လူတစ်စုက ဖြစ်ပြီးတော့ ကျွန်တော်တို့ ပေးဆပ်လိုက်ရတာက ကျွန်တော်တို့ ရေလုပ်သားတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အကြံပြုချင်တာကတော့ ကျွန်တော်တို့ ငါးလေလံဈေးကြီးတွေလည်း ပြန်ဖြစ်အောင်၊ VMS တွေ တပ်အောင်၊ In Put, Out Put တွေလုပ်အောင် ဒီငါးလုပ်သားနဲ့ ဒီဝန်ထမ်းတွေ၊ ရေလုပ်သားတွေ၊ ရေလုပ်ငန်းပိုင်ရှင်တွေအတွက် စည်းကမ်း၊ ဥပဒေ သတ်မှတ်ပြီးတော့ ကျွန်တော်တို့ လိုအပ်တဲ့ အကူအညီ အထောက်အပံ့တွေကို ပေးခြင်းအားဖြင့် ဒီလုပ်ငန်းကြီးဟာ အောင်မြင်လာမှာဖြစ်တဲ့အတွက်ကြောင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးခင်မျိုးဝင်း ရဲ့ အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူခြင်းတို့ကို စတုတ္ထနေ့ ၂၅-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]